မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၉)

(၆၅) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပ

စနစ်တစ်ခုကနေ စနစ်တစ်ခုကို စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းနိုင်မှုမရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ဘေးအန္တရာယ်ကျရောက်နိုင်

မိမိနဲ့ ယဉ်ပါးခြင်းမရှိသေးတဲ့စနစ်ကို ကူးပြောင်းနေစဉ်မှာ အတွေ့အကြုံရင့်ကျက်ပြီးသား နိုင်ငံတွေက သူတို့အကျိုးစီးပွားအတွက် ဝင်ရောက်အမြတ်ထုတ်တတ်စမြဲမို့ ပြည်ပအားကိုးခြင်း မပြုမိကြဖို့ အထူးလိုအပ်

နေပြည်တော် မတ် ၂၇

၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် **နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြွက်ကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

ရဲဘော်တို့ -

ဒို့တပ်မတော်ဟာ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့မှာ တိုင်းတစ်ပါးသြဇာခံ တပ်မတော်ဘဝကနေ ပြတ်ပြတ်သားသား ရန်းထွက်ပြီး ပြည်သူအကြားကို တစ်သားတည်း ဝင်ရောက်ခဲ့တယ်။

စာမျက်နှာ ၄ ကော်လံ ၁ *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ** နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းမြွက်ကြားစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲဝင်မယ့် ပါတီတွေအနေနဲ့ ဆင်ခြင်ကြရမယ့် အချက်

- နိုင်ငံတော်မှာ ဆူပူမှုတွေဖြစ်ပွားခြင်းမရှိအောင်၊ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းတည်ငြိမ်ရေးကို ထိခိုက်စေမယ့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေ မဖြစ်ပေါ်အောင်နဲ့ ပြည်ထောင်စုပြိုကွဲမယ့်အရေးကို ရောက်မသွားရအောင် ကြီးမားတဲ့သတိတရားနဲ့ ဆောင်ရွက်ကြဖို့ လိုအပ်၊
- ကိုယ့်ပါတီ အနိုင်ရရင်ပြီးစတမ်းသဘောမျိုးနဲ့ ပုဂ္ဂိုလ်အချင်းချင်း၊ ပါတီအချင်းချင်း ပုတ်ခတ်မှုများ၊ လူမျိုးရေးနဲ့ဘာသာရေး သွေးကွဲစေမယ့် အပြုအမူများစတဲ့ မပြုသင့် မပြုထိုက်တဲ့ မလျော်မကန် မဲဆွယ်မှုမျိုးတွေကိုလဲ ရှောင်ရှား၊
- မိမိတို့ပါတီရဲ့ မူဝါဒလမ်းစဉ်ကိုချပြပြီး ပြည်သူကြိုက်ရာကို လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးပါစေ။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၈ ရက်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တိုးမြှင့်ဖော်ဆောင် ဆည်တာတမံများ အရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆည်များ၊ တာတမံကြီးများ၊ ရေလွှဲဆည်များ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများ၊ စက်ရေတွင်းတူးဖော်ခြင်းတို့ကို ဖြည့်ဆည်းပေးခြင်းဖြင့် လယ်ယာထွက်ကုန်များ တိုးတက်ရန်အတွက် စီမံပေးလျက်ရှိသည်။

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဆီဆိုကုန်းကျေးရွာရှိ ရဲနွယ်ရေလွှဲဆည်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါရေလွှဲဆည်အနီး မင်္ဂလာမဏ္ဍပ်၌ မတ်လ ၂၅ရက်နေ့က ကျင်းပခဲ့သည်။

ရဲနွယ်ရေလှောင်တမံသည် နိုင်ငံတော်၏ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ရဲနွယ်ချောင်းကိုပိတ်၍ အလျားပေ ၁၀၅၀ ၊ အမြင့် ၂၅၁ပေရှိ မြေသားတမံကို တည်ဆောက်ခဲ့ပြီး ပဲခူးရိုးမတောင်ပေါ်မှ စီးဆင်းလာသော တောင်ကျချောင်းရေများကို ထိန်းသိမ်းသိုလှောင်ရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရဲနွယ်ရေလှောင်တမံကို ဖွင့်လှစ်နိုင်ခြင်းဖြင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်ပျမ်းမျှ ၁၂၃ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်လျက်ရှိသည်။

ရေအားလျှပ်စစ် ထုတ်လုပ်ခြင်းမှ ပိုလျှံထွက်လာသောရေများကို ဆုံးရှုံးမှုမရှိစေရန် စစ်တောင်းမြစ်အတွင်းသို့ အလဟဿ စီးဝင်သွားမည့်ရေကို စိုက်ပျိုးမြေများအတွက် လွှဲပြောင်းယူခြင်းဖြင့် လယ်မြေများကိုအကျိုးဖြစ်စေရန် ရဲနွယ်ရေလွှဲဆည်ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယင်းဆည် တည်ဆောက်ခြင်းကြောင့် ညောင်လေးပင်နှင့် စစ်တောင်းမြစ်အကြား ပြွန်တန်ဆာလွင်ပြင် ရေကြီးရေနစ်မြုပ်ခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

ရေလွှဲဆည်ကြီး မတည်ဆောက်မီက စစ်တောင်းမြစ်ရေတိုးချိန်နှင့် ရဲနွယ်ချောင်းရေများ လျှံကျချိန်၌ လယ်မြေများ ရေနစ်မြုပ်ပြီး ပျက်စီးဆုံးရှုံးခဲ့ရာ ရေလွှဲဆည်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့၍ ရေထိန်းတံခါးများဖြင့် ရေကိုထိန်းသိမ်းနိုင်ပြီဖြစ်သကဲ့သို့ စိုက်ပျိုးမြေများ ရေနစ်မြုပ်မှုမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ ဆည်တမံပေါင်း ၂၃၁ခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ရာ သားစဉ်မြေးဆက် အသုံးပြုနိုင်ရေးအတွက် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု တောင်ထိပ်ပန်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် မတ် ၂၇

(၆၅)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်နိုးတူးရပ်ကွက် တောင်ထိပ်ပန်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၆ရက် နံနက်ပိုင်းက အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပရာ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက လမ်းသစ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ လမ်းသစ်တစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(ဓာတ်ပုံ)**

ပြည်နယ်ဥက္ကဋ္ဌသည် မတ် ၁၇ရက် မွန်းလွဲပိုင်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံးသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သီးနှံပြခန်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် ဆည်မြောင်းဦးစီးဌာန ရုံးခန်းတွင် တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လမ်းပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အမေရိက်မှပိုနာသည်** တရားတော် (ဆရာတော်ဦးသုခေမိတ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Sip အချိုရည်သစ်မိတ်ဆက်ပွဲ အခမ်းအနားနှင့် ISO 9001:2008၊ HACCP လက်မှတ်ပေးအပ်ပွဲ အခမ်းအနား)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၃)
- ၈:၃၀ Sports World (Sunday Special)
- ၈:၄၅ ရွှေပြည်သာမှ ထွန်းပနေတဲ့ သာသနာ
- ၉:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ချစ်မှချစ်အကြီးကြီးချစ်**
- ၉:၂၅ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁၀:၂၅ ပန်းလှိုင်ဆေးရုံမှ ပြည်တွင်းပြည်ပ ဆရာဝန်ကြီးများ၏ အရိုး၊ အကြော၊ အဆစ် ခွဲစိတ်ကုသမှုများ (ပါမောက္ခဒေါက်တာ သိန်းမြင့်ထွန်း)
- ၁၀:၄၅ ဖော်ရွှေပျူငှာနွေးထွေးမှုများနှင့် Friendship Hotel
- ၁၁:၁၀ Milestones of Contemporary Music Selection
- ၁၁:၄၀ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
- ၁၂:၀၅ အပေးအယူ ~ ချစ်ကြည်ဖြူ **"ခြင်း"** မူစာဂ ~ မျှစိတ္တ
- ၁၂:၂၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၄) (စစ်ရေးတေး)
- ၁:၀၀ **အမေရိက်မှပိုနာသည်** တရားတော် (ဆရာတော်ဦးသုခေမိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ကံကိုယုံကြည်တာကောင်းတယ်၊ ကံကိုမယုံကြည်တာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၃)
- ၄:၁၅ ပန်းလှိုင်ဆေးရုံမှ ပြည်တွင်းပြည်ပ ဆရာဝန်ကြီးများ၏ အရိုး၊ အကြော၊ အဆစ် ခွဲစိတ်ကုသမှုများ (ပါမောက္ခဒေါက်တာ သိန်းမြင့်ထွန်း)
- ၄:၄၀ ဖော်ရွှေပျူငှာ နွေးထွေးမှုများနှင့် Friendship Hotel
- ၅:၀၀ ရွှေပြည်သာမှ ထွန်းပနေတဲ့ သာသနာ
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Myanmar International
- ၆:၄၅ ဈေးဝယ်လမ်းညွှန် [Rinnai ဂက်(စ်)မီးဖို]
- ၇:၀၅ ဗီဒီယိုပြခန်း
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ကံကိုယုံကြည်တာကောင်းတယ်၊ ကံကိုမယုံကြည်တာကောင်းတယ်)
- ၉:၃၅ Barclays Premier League Liverpool Vs Sunderland
- ၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆၃)
- ၁၂:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄) (စစ်ရေးတေး)
- ၁၂:၁၅ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
- ၁၂:၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **ချစ်မှချစ်အကြီးကြီးချစ်**
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၂၅	Burnley - Blackburn	ESPN(Live)
၉:၂၅	Liverpool - Sunderland	ESPN(Live)

ပန်နာဆိုးနစ်၏ သဘာဝဝန်းကျင်ဆိုင်ရာ အိမ်သုံးပစ္စည်းများနှင့် စပ်လျဉ်း၍ စာနယ်ဇင်းမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၇

ပန်နာဆိုးနစ်၏ သဘာဝဝန်းကျင်ဆိုင်ရာ အိမ်သုံးပစ္စည်းများနှင့် စပ်လျဉ်း၍ စာနယ်ဇင်းမိတ်ဆက်ပွဲကို မတ် ၂၅ရက် ၂နာရီက ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ပန်နာဆိုးနစ် စင်ကာပူမှ Mr.Wilson Tee က သဘာဝဝန်းကျင်ဆိုင်ရာ အိမ်သုံးပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အောက်ယာပုံ)**

ပန်နာဆိုးနစ်၏ပြိုင်ဘက်ကင်း ရေနွေးငွေ့နှင့် အင်ဗာတာနည်းပညာတို့ဖြင့် ထုတ်လုပ်လိုက်သည့် မိုက်ခရိုဝေ့ဗ် မီးဖိုသည် ဟင်းနွေးစရာ၊ ဟင်းချက်စရာများအတွက် သာမက Barbecu အကင်များ၊ အိမ်တွင်းမုန့်အချိုပွဲများ၊ သာမန် နေ့စဉ် မြန်မာဟင်းလျာများအတွက်ပါ အချိန်ကုန်သက်သာပြီး လူမပင်ပန်းဘဲ အလျင်အမြန်ချက်ပြုတ်နိုင်ခြင်းကြောင့် အချိန်ကုန်သက်သာ မြန်ဆန်စေသည့်အပြင် မိသားစုအတွက် ကျန်းမာရေးနှင့် ညီညွတ်သည့် ပန်နာဆိုးနစ်၏ စွယ်စုံသုံးမိုက်ခရိုဝေ့ဗ် မီးဖိုဖြစ်သည်။

ပန်နာဆိုးနစ် အဝတ်လျှော်စက်သည် အဆင့်မြင့် ရေစီးဆင်းမှု ပုံစံသစ် အပေါ်ဖွင့်အဝတ်လျှော်စက်ဖြစ်ပြီး Jet Water Circulation နည်းပညာနှင့် Dancing Pulsator လည်ပတ်မှု ပုံစံသစ်တို့ကြောင့် ရေသုံးစွဲမှုကို ၅၀ရာခိုင်နှုန်းအထိ သက်သာစေနိုင်သည်။ ပြိုင်ဘက်ကင်း Tile ဒရမ် ဒီဇိုင်းပုံ ရှေ့ဘက်ဖွင့် အဝတ်လျှော်စက်သည် ၇၀ရာခိုင်နှုန်းအထိ သက်သာစေသည်။

အင်ဗာတာ ထိန်းချုပ်မှုနည်းပညာနှင့် Auto Power Off နည်းပညာ၏ အကျိုးကျေးဇူးတို့ကြောင့် ပန်နာဆိုးနစ် အဝတ်လျှော်စက်သည် စွမ်းအင်ချွေတာရေး ဆောင်ရွက်ချက်ပိုင်း ပထမတန်းစား ထုတ်ကုန်ပစ္စည်းအဖြစ် ရပ်တည်လျက်ရှိသည်။

အဆင့်မြင့် အင်ဗာတာထိန်းချုပ်မှု စနစ်နှင့် Brushless Motor ၏ အကောင်းဆုံးဝန်ဆောင်မှုကြောင့် စက်လည်ပတ်သံမှာ အလွန်ပင် ဆိတ်ငြိမ်လှသည်။ ထို့အပြင် တုန်ခါမှု အနည်းဆုံးဖြစ်အောင် တည်ဆောက်ထားပုံ အသံထွက်နှုန်းလျှော့ချမှု ဒီဇိုင်းပုံကြောင့်လည်း စက်လည်ပတ်မှု ဆိတ်ငြိမ်စေသည်။

ပန်နာဆိုးနစ် ရေခဲသေတ္တာအသစ်များသည် စွမ်းအင်သုံးစွဲမှုကို ၄၀ ရာခိုင်နှုန်း သက်သာစေပြီး သန့်ရှင်းလတ်ဆတ်မှုအတွက် ဗီတာမင်ဓာတ်ကို ၁၂ ရာခိုင်နှုန်းအထိ တိုးပွားစေသည်။

ပန်နာဆိုးနစ် မိုက်ခရိုဝေ့ဗ်မီးဖို၊ အဝတ်လျှော်စက်နှင့် ရေခဲသေတ္တာများကို ဝယ်ယူလိုပါက Infinity Investment အိမ်သုံးနှင့် မီးဖိုချောင်သုံးပစ္စည်း အရောင်းပြခန်း အမှတ် (၄၈)လသာလမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၂၄၆၄၊ ၂၄၉၁၆၂၊ ၃၈၂၈၀၂၊ မန္တလေးမြို့ (အမှတ် ၁၅၀) ၂၇လမ်း၊ လမ်း၈၀နှင့်၈၁လမ်းကြား ဖုန်း-၀၂-၆၅၁၈၂၊ ၁၉-၅၀-၁၀၉၁၅နှင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင် အာမခံကတ်ပြားနှင့်အတူ ဝယ်ယူရရှိနိုင်သည်။ **(သတင်းစဉ်)**

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က

တည်ခင်းဧည့်ခံသည့် (၆၅) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် မတ် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပရာ ဇေယျာသီရိဗိမာန်သို့ ည ၇နာရီတွင် ရောက်ရှိလာကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်တို့နှင့်အတူ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

တက်ရောက်

အဆိုပါ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် ဇနီး ဒေါ်ကြည်ကြည်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ *စာမျက်နှာ ၁၀ ကော်လံ ၅*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ အထူးဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

28-3 (03).pmd 1 3/28/2010, 2:54 AM

နိုင်ငံတော်မှာ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ကြီး အေးချမ်းသာယာနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားနေရေးသည်သာ အဓိကပန်းတိုင်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသော စစ်သံမှူးများအား နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ တော်လှန်ရေးကြီးတစ်ရပ်ကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့တယ်။ ပြည်သူတစ်ရပ်လုံးနဲ့ တပ်မတော်ရဲ့ ပြောင်မြောက်တဲ့ စွမ်းရည်သတ္တိကို နယ်ချဲ့တွေက အံ့သြတုန်လှုပ်ခဲ့ကြရတယ်။ ဒါကြောင့်လဲ ဒို့နိုင်ငံဟာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရရှိခဲ့တာဖြစ်တယ်။ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းမှာ တပ်မတော်က ကိုယ့်ဒူးကိုယ်ချွန် စတင်ရပ်တည်လိုက်နိုင်ခဲ့တဲ့ မတ်လ၂၇ရက်နေ့ဟာ သမိုင်းမော်ကွန်းမှာ ကမ္ပည်းတင်ရစ်ခဲ့တာ ယနေ့ဆိုရင် (၆၅)နှစ်မြောက်ခဲ့ပြီ ဖြစ်တယ်။

ရဲဘော်တို့.-

ဒို့တပ်မတော်ဟာ လွတ်လပ်ရေး တိုက်ပွဲဝင်ဖို့အတွက် မျိုးချစ်သူရဲကောင်းတွေနဲ့ စတင်ဖွဲ့စည်းခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ တပ်မတော်ရဲ့ ခေါင်းဆောင်တွေဟာ လွတ်လပ်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဝင်ဖို့ လိုအပ်တဲ့အချိန်မှာ နိုင်ငံရေးသမားဘဝကနေ မျိုးချစ်တပ်မတော်သားဘဝကို ကူးပြောင်းခဲ့သလို နိုင်ငံရေးအရ တိုက်ပွဲဝင်ရမယ့်အချိန်မှာလဲ အမျိုးသားနိုင်ငံရေးသမားဘဝကို ပြန်လည်ကူးပြောင်းသွားခဲ့ကြတယ်။ ဒါကြောင့်လဲ ဒို့တပ်မတော်ဟာ နိုင်ငံရေးအရရော စစ်ရေးအရပါ သမိုင်းမှာ ထွန်းပြောင်ခဲ့ရတာ ဖြစ်တယ်။ မျိုးချစ်တပ်မတော်သားတွေဖြစ်တဲ့ ဒို့တစ်တွေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို အသက်ပေးကာကွယ်စောင့်ရှောက်ရုံသာမက နိုင်ငံတော်အတွက် လိုအပ်တဲ့အခါတိုင်း အမျိုးသားနိုင်ငံရေးကဏ္ဍမှာ ပါဝင်ထမ်းဆောင်ကြရတာ ဖြစ်တယ်။

ရဲဘော်တို့.-

နိုင်ငံတော်ကာကွယ်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပြီး အဓိကအားဖြင့်တော့ တပ်မတော်မှာ တာဝန်ရှိတယ်။ တပ်မတော်ကို စစ်ရေးတာဝန်အတွက် လေ့ကျင့်ဖွဲ့စည်းထားတာဖြစ်တဲ့အတွက် စစ်မှုရေးရာမှာ တပ်မတော်သားတွေဟာ သာမန်ပြည်သူတွေထက် ကျွမ်းကျင်လိမ္မာကြရတယ်။ ဒါကြောင့်လဲ နိုင်ငံတော်ကာကွယ်ရေးနဲ့ ပတ်သက်လာရင် တပ်မတော်ဟာ အစိုးရ၊ ပြည်သူတွေနဲ့ လက်တွဲပြီး တစည်းတလုံးတည်း ထမ်းဆောင်ကြရမှာဖြစ်တယ်။

ရဲဘော်တို့.-

ဒို့နိုင်ငံဟာ စစ်ရေးစစ်ရာအားနည်းခဲ့လို့ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ကြရတယ်။ သူ့ကျွန်ဘဝမှာ အလွန်ပရိယာယ်ကြွယ်ဝတဲ့ နယ်ချဲ့တွေက သွေးခွဲအုပ်ချုပ်ခဲ့တာကြောင့် လွတ်လပ်ရေးကို တောင်းဆိုတဲ့အခါမှာ ဒို့ခေါင်းဆောင်တွေဟာ တိုင်းရင်းသား သွေးစည်းညီညွတ်ရေးကို ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရတယ်။ နိုင်ငံတော် လွတ်လပ်ဖို့သာ အဓိကဖြစ်တာကြောင့်လဲ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ တည်ဆောက်ခဲ့ရတာဖြစ်တယ်။

ရဲဘော်တို့.-

နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟာ အသက်တမျှ အရေးကြီးတယ်။

လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဒို့တပ်မတော်ဟာ အင်အားတောင့်တင်းရမယ်၊ စွမ်းရည်ထက်မြက်ရမယ်၊ ခေတ်မီရမယ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ရမယ်။ **တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်** ဆိုတာဟာ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလကတည်းက ပြည်သူတွေခံယူထားခဲ့တဲ့ သဘောထားဖြစ်တယ်။ ဒါကြောင့် တပ်မတော်ကို စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည် စတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံပြီး တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးနိုင်ဖို့အတွက် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်နဲ့ စဉ်ဆက်မပြတ် ကြိုးပမ်းတည်ဆောက်နေကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့.-

မျက်မှောက်ကာလမှာ ဒို့တပ်မတော်ဟာ နိုင်ငံတော် ကာကွယ်ရေးတာဝန်နဲ့အတူ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို ပူးတွဲထမ်းဆောင်ရလျက် ရှိတယ်။ ဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို သိမ်မွေ့ညင်သာစွာ ကူးပြောင်းကျင့်သုံးနိုင်ဖို့အတွက် အစစအရာရာမှာ အဆင်သင့်ဖြစ်အောင် ပြင်ဆင်နေရတယ်။ စနစ်တစ်ခုကနေ စနစ်တစ်ခုကို စနစ်တကျ တစ်ဆင့်ပြီး တစ်ဆင့် ကူးပြောင်းနိုင်မှုမရှိရင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ဘေးအန္တရာယ် ကျရောက်နိုင်တယ်။ မိမိနဲ့ ယဉ်ပါးခြင်းမရှိသေးတဲ့စနစ်ကို ကူးပြောင်းနေစဉ်မှာ အတွေ့အကြုံရင့်ကျက်ပြီးသား နိုင်ငံတွေက သူတို့အကျိုးစီးပွားအတွက်ဝင်ရောက်စွက်ဖက် အမြတ်ထုတ်တတ်စမြဲဖြစ်တယ်။ ဒါကြောင့် ပြည်ပအားကိုးခြင်းကို မပြုမိကြဖို့ အထူးလိုအပ်တယ်။

ရဲဘော်တို့.-

ဒီမိုကရေစီကျင့်စဉ်ဆိုတာဟာ မကျင့်သုံးတတ်ရင် မင်းမဲ့စရိုက်ဆန်သွားတတ်တယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့လိုတယ်။ နိုင်ငံသားတွေဟာ အသိပညာနဲ့ ရင့်ကျက်ကြဖို့လိုတယ်။ ဒ့ါအပြင် နိုင်ငံတော်နဲ့ နိုင်ငံသားတွေဟာ သင့်တင့်တဲ့ ဓနဥစ္စာနဲ့ ပြည့်စုံကြွယ်ဝဖို့လဲလိုတယ်။ ဒါကြောင့် တပ်မတော်ဟာ တစ်ဖက်ကဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ စည်းစည်းလုံးလုံးနဲ့ အခြေခံအုတ်မြစ်တွေကို တည်ဆောက်ပေးလျက်ရှိတဲ့နည်းတူ တစ်ဖက်ကလည်း နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး ခေတ်ပြောင်းစနစ်ပြောင်းတာဝန်ကို ဆောင်ရွက်လာခဲ့တယ်။ ယခုနှစ်မှာဆိုရင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေကို ကျင်းပပေးတော့မှာ ဖြစ်တယ်။

ရဲဘော်တို့.-

ယခုနှစ်ကျင်းပမယ့် ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီပျိုးထောင်မှုရဲ့ အစကနဦးဖြစ်စဉ်သာ ဖြစ်တယ်။ ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်မှု မရှိသေးမီ ရွေးကောက်ပွဲဝင်မယ့် ပါတီတွေအနေနဲ့ ဆင်ခြင်ကြရမယ့်အချက်တွေကို ဒီနေရာမှာ ပြောကြားလိုတယ်။ နိုင်ငံတော်မှာ ဆူပူမှုတွေဖြစ်ပွားခြင်းမရှိအောင်၊ တရားဥပဒေစိုးမိုးရေးနဲ့ အေးချမ်းတည်ငြိမ်ရေးကို ထိခိုက်စေမယ့် ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုတွေ မဖြစ်ပေါ်အောင်နဲ့ ပြည်ထောင်စုပြိုကွဲမယ့်အရေးကို ရောက်မသွားရအောင် ကြီးမားတဲ့သတိတရားနဲ့ ဆောင်ရွက်ကြဖို့ လိုအပ်တယ်။ ကိုယ့်ပါတီ အနိုင်ရရင်ပြီးစတမ်း သဘောမျိုးနဲ့ ပုဂ္ဂိုလ်အချင်းချင်း၊ ပါတီအချင်းချင်း ပုတ်ခတ်မှုများ၊ လူမျိုးရေးနဲ့ဘာသာရေး သွေးကွဲစေမယ့် အပြုအမူများ စတဲ့ မပြုသင့်မပြုထိုက်တဲ့ မလျော်မကန် မဲဆွယ်မှုမျိုးတွေကိုလဲ ရှောင်ရှားကြရမှာ ဖြစ်တယ်။ မိမိတို့ပါတီရဲ့ မူဝါဒလမ်းစဉ်ကိုချပြပြီး ပြည်သူကြိုက်ရာကို လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးပါစေလို့ ပြောကြားတိုက်တွန်းလိုက်ပါတယ်။

ရဲဘော်တို့.-

နိုင်ငံတော်မှာ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံတော်ကြီးဟာ အေးချမ်း သာယာနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားနေရေးသည်သာ အဓိကပန်းတိုင်ဖြစ်တယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆိုတာမျိုးဟာ ရည်မှန်းချက် တစ်နေရာရာမှာ ရပ်တန့်သွားရတာမျိုးမဟုတ်ဘဲ ဆင့်ကဲဆင့်ကဲ အမြဲတမ်းရှင်သန်နေအောင် လုပ်ကိုင်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်ဖြစ်တယ်။ တိုင်းပြည်ကြီးဟာ စီးပွားရေး ဖြစ်ထွန်းပြီး စဉ်ဆက်မပြတ် ခေတ်မီဖွံ့ဖြိုးတိုးတက်နေအောင် ဆတက်ထမ်းပိုး ကြိုးပမ်းကြရမယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံရေးတည်ငြိမ်မှုရှိရမယ်၊ ရပ်ရွာအေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှုရှိရမယ်။ ပြည်သူတွေဟာ စိုးရိမ်ကြောင့်ကြမှုကင်းပြီး စိတ်အေးချမ်းသာစွာနဲ့ ပရိယေသနဝမ်းစာကို ရှာမှီးနိုင်ကြရမယ်။ ပြည်တွင်းပြည်ပ အဖျက်သမားတွေရဲ့အန္တရာယ်ကို ကာကွယ်နိုင်ကြရမယ်။ ဒီလိုဖြစ်အောင် အစိုးရ၊ ပြည်သူနဲ့ တပ်မတော်က ဝိုင်းဝန်းစောင့်ရှောက်ကြရမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ရဲဘော်တို့.-

နိဂုံးအားဖြင့် ပြောကြားရရင်

- ဒို့တာဝန် အရေးသုံးပါးကို ပို၍ပို၍ ခိုင်မာသည်ထက် ခိုင်မာအောင် ကြိုးပမ်း တည်ဆောက်သွားကြပါ။
- နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် တပ်မတော်ကြီးကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ မျိုးချစ်တပ်မတော် အဖြစ် တည်ဆောက်ကြပါ။
- ဘာပဲလုပ်လုပ် ပြည်သူလူထုက ကြည်ဖြူကျေနပ်သည်အထိ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးတို့ဖြင့် ပြည်သူကို အလုပ်အကျွေးပြုကြပါလို့ မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

ဒီမိုကရေစီကျင့်စဉ်ဆိုတာဟာ မကျင့်သုံးတတ်ရင် မင်းမဲ့စရိုက် ဆန်သွားတတ်တယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ လိုတယ်။ နိုင်ငံသားတွေဟာ အသိပညာနဲ့ ရင့်ကျက်ကြဖို့လိုတယ်။ ဒ့ါအပြင် နိုင်ငံတော်နဲ့ နိုင်ငံသားတွေဟာ သင့်တင့်တဲ့ဓနဥစ္စာနဲ့ ပြည့်စုံကြွယ်ဝဖို့လဲ လိုတယ်။ ဒါကြောင့် တပ်မတော်ဟာ တစ်ဖက်က ဦးတည်ချက် (၁၂)ရပ်ချမှတ်ပြီး အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ စည်းစည်းလုံးလုံးနဲ့ အခြေခံအုတ်မြစ်တွေကို တည်ဆောက်ပေးလျက်ရှိတဲ့နည်းတူ တစ်ဖက်ကလည်း နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုချမှတ်ပြီး ခေတ်ပြောင်း စနစ်ပြောင်းတာဝန်ကို ဆောင်ရွက်လာခဲ့တယ်။

● *ကျောဖုံးမှ*

စည်းလုံးမှု စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး ဟူသည့် ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပသော ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

တက်ရောက်

အဆိုပါ ၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ်ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဆင့်၊ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှရွှေဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ရှိန်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြား သံရုံးများမှ စစ်သံမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီး များ၊ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သူနာပြုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စာနယ်ဇင်း ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်း ဂျာနယ်မဂ္ဂဇင်းများမှ သတင်းထောက်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ရှေးဦးစွာ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ကြသည့် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များသည် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပမည့် စစ်ရေးပြအခမ်းအနားသို့ စစ်ကြောင်းကြီး များအလိုက် ချီတက်ရန် နံနက်၅နာရီတွင် စုရပ် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံး ရောက်ရှိ နေရာယူကြသည်။

ယင်းသို့ ရောက်ရှိနေရာယူကြပြီးနောက် နံနက် ၅နာရီခွဲတွင် စစ်ရေးပြအခမ်းအနား ကျင်းပရာ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြမည့် စစ်ကြောင်းကြီး ခုနစ် ကြောင်း၏ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် စိုးသိန်းထံ စစ်ရေးပြတပ်ရေး ဒုတိယ ဗိုလ်မှူးကြီးမြတ်စိုးက တပ်ကိုအပ်သည်။

ထို့နောက် စစ်ကြောင်းကြီးများစုရပ် သစ်တပ်စစ်ရေးပြကွင်းမှ နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ ချီတက်မထွက်ခွာမီ တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့နှင့် စစ်တီးဝိုင်း တပ်မှုဗိုလ်ကြီးအောင်မိုးလင်း ခေါင်းဆောင် သည့် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြ ကွင်းကြီးအတွင်းရှိ သတ်မှတ်ထားသည့် နေရာ၌ နေရာယူသည်။

အနော်ရထာစစ်ကြောင်း

ယင်းနောက် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်း ဦးဆောင်၍ ၎င်းနောက်မှ စစ်ရေးပြတပ်ရေး ဒုတိယဗိုလ်မှူးကြီးမြတ်စိုး၊ ယင်းနောက် အလံတော်အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကျော်သီဟ ခေါင်းဆောင်ပြီး ပြည်ထောင်စုအလံများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများပါဝင်သော အနော်ရထာစစ်ကြောင်း အလံတော်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမင်းမင်းလွင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးနိုင်မြင့်အောင် ခေါင်းဆောင်သည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု အနော်ရထာဂုဏ်ပြု တပ်ခွဲ၊ အနော်ရထာစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ကျော်စွာလှိုင်၊ တပ်ခွဲမှူး ဗိုလ်မှူးတင်မျိုးနောင် ခေါင်းဆောင်သည့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး လှိုင်မျိုးအောင် ခေါင်းဆောင်သည့် အနောက်မြောက် တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်စွာဝင်း ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးတင်မိုးနိုင် ခေါင်းဆောင်သည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်မိုးလွင် ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး ဝင်းမိုး ခေါင်းဆောင်သည့် အနော်ရထာစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သား များက အနော်ရထာစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ကျန်စစ်သားစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးညီညီလတ် ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ) အလံများ ပါဝင်သော ကျန်စစ်သားစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သစ်လင်းအုန်း ဦးဆောင်ပြီး တပ်ခွဲမှူးဗိုလ်မှူးစိုးမင်း ခေါင်းဆောင်သည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု ကျန်စစ်သားစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ကျန်စစ်သားစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဇော်ပိုင်ထွန်း၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်တင်ထွေး ခေါင်းဆောင်သည့် တြိဂံဒေသတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်နိုင်ဝင်း ခေါင်းဆောင်သည့် အမှတ် (၁၁) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသိန်းထွန်းတင် ခေါင်းဆောင်သည့် စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမျိုးအောင် ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင် ဒုတိယအရာခံဗိုလ်ကျော်ဇေယျာဝင်း ခေါင်းဆောင်သည့် ကျန်စစ်သားစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ကျန်စစ်သားစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁သို့

စစ်ကြောင်းကြီးများက ချီတက်အလေးပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ကြောင်းကြီးများက ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်လာကြစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများက ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်

(၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅မှ

ဘုရင့်နောင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကျော်စွာစိုး ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊လေ) အလံများပါဝင်သော ဘုရင့်နောင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဌေးနိုင် ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးသန့်စင် ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု ဘုရင့်နောင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဘုရင့်နောင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအေးမင်းထွေး၊ တပ်ခွဲမှူး ဗိုလ်မှူးသန့်ဇော်ဦး ခေါင်းဆောင်သည့် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးနေမျိုးအောင် ခေါင်းဆောင်သည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးအေးမင်းသိန်း ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဝင်းသူလင်း ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်မြမောင် ခေါင်းဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ဘုရင့်နောင်စစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကောင်းညွှန့် ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများပါဝင်သော အောင်ဇေယျစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ရဲဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးငြိမ်းဝဏ္ဏ ခေါင်းဆောင်သည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု အောင်ဇေယျစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ အောင်ဇေယျစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ခိုင်၊ တပ်ခွဲမှူး ဗိုလ်မှူးကျော်မြဝင်း ခေါင်းဆောင်သည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်သူဝင်း ခေါင်းဆောင်သည့် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ခိုင်လင်း ခေါင်းဆောင်သည့် အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးသန်းလှိုင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ တပ်ခွဲမှူး ဗိုလ်မှူးထွန်းထွန်းစံ ခေါင်းဆောင်သည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)နှင့် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်မင်းနိုင် ခေါင်းဆောင်သည့် အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက အောင်ဇေယျစစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဆင်ဖြူရှင်စစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးသောင်းဝင်းထွန်း ခေါင်းဆောင်သည့် တပ်မတော် (ကြည်း၊ရေ၊လေ)အလံများပါဝင်သော ဆင်ဖြူရှင်စစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ဆန်းဝင်း ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးအောင်အောင် ခေါင်းဆောင်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဆင်ဖြူရှင်စစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်း၊ တပ်ခွဲမှူး ဗိုလ်မှူးအောင်ထွေး ခေါင်းဆောင်သည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမင်းမင်းဇော် ခေါင်းဆောင်သည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူး ဝင်းကျော်မျိုး ခေါင်းဆောင်သည့် အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမိုးမင်းနိုင် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်တီးဝိုင်း အဖွဲ့ခေါင်းဆောင် ဒုတိယအရာခံဗိုလ်ကျော်မိုးထွန်း ခေါင်းဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ဆင်ဖြူရှင်စစ်ကြောင်းအမည်ဖြင့် ချီတက်ကြသည်။

ဗန္ဓုလစစ်ကြောင်း

အလားတူ အလံအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးစိုးနိုင်ထွန်း ခေါင်းဆောင်သည့် တပ်မတော်(ကြည်း၊ရေ၊လေ)အလံများပါဝင်သော ဗန္ဓုလစစ်ကြောင်း အလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်မောင်ဌေး ဦးဆောင်ပြီး တပ်ခွဲမှူး ဗိုလ်မှူးမျိုးသက်မောင် ခေါင်းဆောင်သည့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ဗန္ဓုလစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ ဗန္ဓုလစစ်ကြောင်း တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအောင်မျိုးလင်း၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်လင်းထွန်း ခေါင်းဆောင်သည့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးဇော်ထွန်းဦး ခေါင်းဆောင်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမောင်မောင်လွင် ခေါင်းဆောင်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူးဗိုလ်မှူးကျော်ဇေယျ ခေါင်းဆောင်သည့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြ တပ်ခွဲ(၂)နှင့် စစ်တီးဝိုင်း အဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီးဦးသိန်းမောင် ခေါင်းဆောင်သည့် ဗန္ဓုလစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများက ဗန္ဓုလစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

မြဝတီစစ်ကြောင်း

ထို့အတူ အလံအဖွဲ့ခေါင်းဆောင် ရဲမှူးခိုင်စိုး ခေါင်းဆောင်သည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ကိုယ်စားပြု အလံများပါဝင်သော မြဝတီစစ်ကြောင်းအလံကိုင်အဖွဲ့၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ကိုကိုနိုင် ဦးဆောင်ပြီး တပ်ခွဲမှူး ရဲမှူးအောင်ဆန်းဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု မြဝတီစစ်ကြောင်း ဂုဏ်ပြုတပ်ခွဲ၊ မြဝတီစစ်ကြောင်းတပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီး ရဲထွဋ်၊ တပ်ခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်း ခေါင်းဆောင်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ခွဲမှူးဇော်မင်းသန့် ခေါင်းဆောင်သည့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးမြင့်မောင် ခေါင်းဆောင်သည့် ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးထွန်းထွန်းနိုင် ခေါင်းဆောင်သည့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တပ်ခွဲမှူး ဗိုလ်မှူးခွန်အောင်သွင် ခေါင်းဆောင်သည့် အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်တီးဝိုင်းအဖွဲ့ခေါင်းဆောင် တပ်ကြပ်ကျော်စိုး ခေါင်းဆောင်သည့် မြဝတီစစ်ကြောင်း စစ်တီးဝိုင်းအဖွဲ့တို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက မြဝတီစစ်ကြောင်း အမည်ဖြင့် ချီတက်ကြသည်။

ထိုကဲ့သို့ စစ်ကြောင်းကြီး ခုနစ်ကြောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၃၀၈၅ဦးတို့သည် စုရပ်သစ်တပ် စစ်ရေးပြကွင်းမှ စတင်၍ သတ်မှတ်အစီအစဉ်အတိုင်း တပ်ခွဲတစ်ခွဲနှင့်တစ်ခွဲ ပေ(၅၀)စီနှင့် စစ်ကြောင်း တစ်ကြောင်းနှင့်တစ်ကြောင်း ပေ(၁၀၀)စီ ခြားကာ စစ်ရေးပြကွင်းကြီးဆီသို့ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကြကာ ချီတက်ကြသည်။

ယင်းသို့ စစ်ကြောင်းကြီးများအလိုက် ဇာတိသွေး ဇာတိမာန်တက်ကြွဖွယ် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆို၍ ချီတက်လာကြရာ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင် စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့သည် အစီအစဉ်အတိုင်း စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြ ကွင်းကြီးအတွင်းသို့ မုခ်ဦးဝင်ဂိတ်မှ ဝင်ရောက်ကြကာ နံနက်၇နာရီတွင် အသင့်နေရာယူပြီးဖြစ်သည်။

ရောက်ရှိလာ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် *စာမျက်နှာ ၇ ကော်လံ ၁သို့*

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီးသို့ စစ်ကြောင်းကြီးများ ဇာတိသွေး ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုကာ ချီတက်လာကြသည်ကို ဝေဟင်မှ မြင်တွေ့ရစဉ်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ရောင်စုံပန်းများ လှပစွာ ဖူးပွင့်နေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း လိုက်ပါလျက် ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပရာ စစ်ရေးပြကွင်းကြီးသို့ နံနက် ၇နာရီ ၁၅မိနစ်တွင် ရောက်ရှိလာပြီး အခမ်းအနားကျင်းပရာ စစ်ရေးပြကွင်းကြီးအတွင်းရှိ စင်မြင့်၌ နေရာယူသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စင်မြင့်ပေါ်၌နေရာယူပြီးသည်နှင့် တစ်ပြိုင်နက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် စိုးသိန်းက တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား တပ်ကိုအပ်သည်။

တပ်ကိုစစ်ဆေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်တော်ယာဉ်ဖြင့် တပ်ကို စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

သစ္စာလေးချက်

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ရေ၊လေ) တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်းက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုရန် ခွင့်တောင်းခံသည်။

ချီတက်အလေးပြု

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်း ဦးဆောင်သော စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ စစ်ရေးပြကွင်းကြီး မုခ်ဦးဂိတ်မှ စုရပ်သစ်တပ် စစ်ရေးပြကွင်းသို့ စနစ်တကျ ပြန်လည်ချီတက် ထွက်ခွာသွားကြသည်။

ရုပ်သိမ်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားကာ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နံနက် ၈နာရီ ၁၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော် စစ်ရေးပြကွင်းအတွင်း၌ ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းဘုရားမင်းတရားတို့၏ ကြေးရုပ်တုကြီးသုံးခုတို့ကို ဝင့်ကြွားစွာဖြင့် တွေ့ရှိရပြီး ယင်းမင်း သုံးပါး ရုပ်တုများ၏ လက်ယာဘက်ထိပ်၌ တပ်မတော်နေ့ မီးရှူးတိုင်ကို ထွန်းညှိထားကာ မျက်နှာချင်းဆိုင်၌ တပ်မတော်တံဆိပ် အမှတ်အသားနှင့် (၆၅)နှစ်မြောက် တပ်မတော်နေ့ တံတိုင်းဆိုင်းဘုတ်ကြီးတို့ကို ဝင့်ထည်စွာဖြင့် မြင်တွေ့ရသည်။

မီးရောင်စုံ

ထို့အတူ ရေပန်းကြီး၊ ရေပန်းငယ်တို့ဖြင့် လှပစွာ တန်ဆာဆင်ထားသော ရေပန်းပဒေသာကို ပသာဒကျစွာ တွေ့မြင်ရသကဲ့သို့ စိမ်းလန်းကျယ်ပြန့်သော မြက်ခင်းပြင်များကို အလှစိုက်ပန်းမန်များဖြင့် အနားသတ်လျက် လည်းကောင်း၊ ပုံဖော်ပင်များ၊ အမြဲစိမ်းပင်များကို ရောင်စုံပန်းခင်းတို့အကြား၌ သင့်လျော်သလို စီမံပုံဖော် စိုက်ပျိုးထားသည်ကို လည်းကောင်း၊ ပုံဖော်ပင်များ၊ အမြဲစိမ်းပင်များ၌ လျှပ်တစ်ပြက်မီးရောင်စုံများ၊ မီးပြေးများ တပ်ဆင်လျက် အမြင်ထူးအောင် စီစဉ်ထားသည်ကို လည်းကောင်း တွေ့ရှိရသည်။

မြင်တွေ့ရ

စုရပ်သစ်တပ်စစ်ရေးပြကွင်းမှ စစ်ရေးပြကွင်းကြီးတစ်လျှောက် ပင်လောင်းလမ်းမကြီး၏ လမ်းဘေးဝဲယာရှိ အမြဲစိမ်းပင်များ၊ ပုံဖော်ပင်များ၌ လျှပ်တစ်ပြက် မီးရောင်စုံများ၊ မီးပြေးများကို စနစ်တကျ တပ်ဆင်ထွန်းညှိထားပြီး ပင်လောင်းလမ်းမကြီး တစ်လျှောက်၌ **“ဒို့တာဝန်အရေးသုံးပါး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်၊ လူထုအားကို အများကြီးလိုသည်၊ တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ၊ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်နှင့်ပြည်သူ အမြဲကြည်ဖြူ သွေးခွဲလာသူ ဒို့ရန်သူ၊ ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်၊ သစ္စာလေးလီ ဦးထိပ်တည် စွမ်းရည်သုံးရပ် ကျေပွန်အပ်၊ အသက်သွေးချွေး စဉ်မနှေး ပေးဆပ်သည်မှာ တပ်မတော်ပါ”** ဟူသော ဆောင်ပုဒ် စာသားပိတ်ပိုစတာများကို အမြင့်တင်ကြိုးတန်းများဖြင့် ချိတ်ဆွဲထားသည်ကို မြင်တွေ့ရသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ရောင်စုံမီးများ ထွန်းညှိထားစဉ်။ (သတင်းစဉ်)

28-3 (07).pmd 1 3/28/2010, 2:54 AM

နောင်သမိုင်းကြောင်း မှောင်မိုက်မသွားရလေအောင် (၂)

ဥပဒေဘက်တော်သားတစ်ဦး

ယနေ့ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကျင့်သိက္ခာ ပြည့်စုံပြီး အရည်အချင်းမြင့်မားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်လာအောင် ဦးဆောင်လမ်းပြသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ လွှတ်တော်တွေမှာ အကျင့်ပျက်ပြားသူတွေ၊ ဥပဒေအရ ပြစ်ဒဏ်ကျခံနေရသူတွေ ပါဝင်နေမယ်ဆိုရင် သက်ဆိုင်ရာလွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမှာဖြစ်သလို နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်အတွက်လည်း မှေးမှိန်စေမှာ မုချပါပဲ။

မြန်မာနိုင်ငံရဲ့ ဥပဒေတွေမှာလည်း အလားတူပြဋ္ဌာန်းချက်တွေ ပါရှိခဲ့ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၇၄မှာ နှစ်နှစ်အောက်မနည်းသော ထောင်ဒဏ်ကျခံနေရသူနဲ့ ပြစ်ဒဏ်ကျခံပြီးနောက် ငါးနှစ်ကာလ အပိုင်းအခြားအထိ အကျုံးဝင်သူတွေဟာ လွှတ်တော်အမတ် ရွေးချယ်ခံပိုင်ခွင့်မရှိသလို ရွေးချယ်ခံရပြီးရင်လည်း လွှတ်တော်အမတ်အဖြစ် တည်မြဲဖို့ ခွင့်မပြုထားတာကို တွေ့နိုင်ပါတယ်။ ၁၉၄၈ ခုနှစ် ပါလီမန်ရွေးကောက်ပွဲ အက်ဥပဒေမှာလည်း တရားရုံးရဲ့ အမိန့်အရ ထောင်ဒဏ်ကျခံရသူဟာ အမတ်အဖြစ်သာမက မဲပေးခွင့်အတွက်ပါ အရည်အချင်း ပျက်ယွင်းစေရမယ်လို့ ပြဋ္ဌာန်းခဲ့တာ တွေ့နိုင်ပါတယ်။ အလားတူ ၁၉၇၃ခုနှစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၃မှာ ပြစ်မှုတစ်ခုခုကြောင့် ထောင်ဒဏ်ကျခံနေရသူတွေဟာ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် မရှိဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကိုကြည့်ရင် အဲဒီပုဒ်မ၁၁(ဃ)ပါ လွှတ်တော်ကိုယ်စားလှယ် အရည်အချင်းပျက်ယွင်းပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရလို့ သတ်မှတ်ထားတဲ့အချက်ဟာ မြန်မာနိုင်ငံမှာ ယခင်က ပြဋ္ဌာန်းခဲ့ဖူးတဲ့ ဥပဒေစံနှုန်းများနဲ့လည်းကောင်း၊ နိုင်ငံတကာစံနှုန်းများနဲ့လည်းကောင်း ညီညွတ်ပြီး ကျိုးကြောင်းဆီလျော် ခိုင်လုံကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၂မှာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အပါအဝင် ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ တာဝန်ဝတ္တရားများကို ထမ်းဆောင်သူများ လိုက်နာဆောင်ရွက်ရမယ့် အချက်များကို ပြဋ္ဌာန်းထားပါတယ်။ ဆက်လက်ပြီး ပုဒ်မ ၈၇မှာတော့ “တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ယင်းတို့၏ အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲခုံအဖွဲ့နှင့် ရွေးကောက်ပွဲခုံအဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်းမခံထိုက်စေရ” ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ဒါဟာ အစိုးရအနေနဲ့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နဲ့ ရွေးကောက်ပွဲဆိုင်ရာ အခြားအဖွဲ့အသီးသီးမှာ တာဝန်ပေးခံထားရတဲ့ အဖွဲ့ဝင်များအနေနဲ့ မလုပ်ရဲ မကိုင်ရဲမဖြစ်အောင်၊ ထိထိရောက်ရောက် ဆောင်ရွက်ရဲအောင် ပြဋ္ဌာန်းပေးထားတာ ဖြစ်ပါတယ်။ မရိုးမသား မမှန်မကန် လုပ်ချင်သလိုလုပ်နိုင်အောင် အကာအကွယ်ပေးထားတာ မဟုတ်ပါ။

ဘာကြောင့်လဲဆိုရင် အဲဒီရွေးကောက်ပွဲဥပဒေ အခန်း ၁၃ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနဲ့ ပြစ်ဒဏ်များအပိုင်းမှာ မည်သူမဆို ကျူးလွန်ဖောက်ဖျက်ရင် အပြစ်ပေးခံရမယ့် ပြုလုပ်မှုတွေကို ပုဒ်မ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅ တို့မှာ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ မည်သူမဆို ဆိုတဲ့အထဲမှာ ကော်မရှင်အဖွဲ့ဝင်တွေ၊ မဲရုံမှူးတွေလည်း အကျုံးဝင်ပါတယ်။ ဒါကြောင့် ကော်မရှင်အဖွဲ့ဝင်တွေ၊ မဲရုံမှူးတွေလည်း ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်မယ်ဆိုရင် အဲဒီဥပဒေပါ ပြစ်ဒဏ်များကို ကျခံရမှာဖြစ်ပါတယ်။ “တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ ဥပဒေနှင့်အညီ မိမိတာဝန်ကို သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ ထမ်းဆောင်သော” ဆိုတဲ့ စာသားပါရှိထားပြီးဖြစ်တာကို သတိပြုကြရမှာဖြစ်ပါတယ်။ အဲဒီလို လုပ်ပိုင်ခွင့်အရ ဥပဒေနဲ့အညီ သဘောရိုးဖြင့် စွမ်းဆောင်နိုင်သမျှ စွမ်းဆောင်တဲ့ ကော်မရှင်အဖွဲ့ဝင်တွေ၊ မဲရုံမှူးတွေကိုတော့ ဥပဒေအရ အကာအကွယ်ပေးတယ်ဆိုတာ သင့်မြတ်လျော်ကန်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပြည်သူများက အတည်ပြုခဲ့ပြီးဖြစ်တဲ့ အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို ဆက်လက်တည်ဆောက်ကြရတော့မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အဲဒီ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဥပဒေပြဋ္ဌာန်းရတာတွေလည်း ရှိပါတယ်။ ဥပမာဆိုရင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၁(ခ)မှာ “ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ဥပဒေအရ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေမရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်များသည် အလိုအလျောက် ပျက်ပြယ်သည်ဟု မှတ်ယူရမည်” ဆိုပြီး ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဘာကြောင့် ဒီလိုပြဋ္ဌာန်းရတယ်ဆိုတာကို လေ့လာကြည့်ရင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ နိုင်ငံတော်ရဲ့ ဥပဒေပြုအဖွဲ့မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ အဲဒီ လွှတ်တော်နှစ်ရပ်ကို ပေါင်းထားတဲ့ ပြည်ထောင်စုလွှတ်တော် ဆိုပြီးရှိတဲ့အပြင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်များလည်း ရှိလာမှာဖြစ်ပါတယ်။ ယခင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအဟောင်းအရ ၁၉၉၀ပြည့်နှစ်မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာ လွှတ်တော်တစ်ရပ်အတွက်သာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒီရွေးကောက်ပွဲရလဒ်ဟာ အခြေခံဥပဒေအသစ်နဲ့ လိုက်လျောညီထွေမဖြစ်တော့ဘူးဆိုတာ ထင်ရှားပါတယ်။

နောက်တစ်ချက်ကလည်း အဲဒီ ၁၉၉၀ ရွေးကောက်ပွဲဟာ ယခုအချိန်မှာ နှစ်ပေါင်း ၂၀ ကွာခြားခဲ့ပါပြီ။ အဲဒီတုန်းက မဲပေးပိုင်ခွင့်မရှိသေးတဲ့ ၁၈နှစ်အောက် လူငယ်လူရွယ်တွေဟာ အခုအချိန်မှာ အသက် ၃၀ကျော်၊ ၄၀အရွယ် လူလတ်တွေ ဖြစ်ကုန်ကြပါပြီ။ အဲဒီတုန်းက မမွေးသေးတဲ့ ကလေးတွေတောင် အခုအချိန်မှာ တချို့ဆိုရင် ၁၈နှစ်ကျော် အရွယ်ရောက်ကုန်ကြပါပြီ။ အဲဒီတုန်းက မဲပေးခဲ့တဲ့ လူကြီးတွေအပါအဝင် မဲဆန္ဒရှင် အချို့လည်း မလွန်ဆန်နိုင်တဲ့ အနိစ္စတရားကြောင့် မရှိရှာတော့ပါဘူး။ ဒါကြောင့် မဲဆန္ဒရှင်အရေအတွက်ရော၊ မဲဆန္ဒရှင် ပုဂ္ဂိုလ်တွေပါ မတူကွဲပြား ပြောင်းလဲကုန်ကြပါပြီ။ အဲဒီလိုပဲ မဲဆန္ဒရှင် ပြည်သူတွေရဲ့ အတွေးအခေါ်၊ အသိအမြင်၊ ခံယူချက်၊ သဘောထားတွေလည်း နှစ်ပေါင်း ၂၀ကျော်ကာလနဲ့ လိုက်လျောညီထွေ အမျိုးမျိုး အဖုံဖုံ အပြောင်းလဲကြီး ပြောင်းလဲလာခဲ့ပါပြီ။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀က ရလဒ်ဟာ အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ ကာလ၊ ဒေသ၊ ပယောဂအရ လက်ရှိ အခြေအနေနဲ့ ဘယ်လိုမှ သဟဇာတ မဖြစ်နိုင်တော့ပါဘူး။ ဒါ့ကြောင့် ဥပဒေသဘောအရ ဥပဒေအသစ်ပြဋ္ဌာန်းပြီး ဥပဒေအဟောင်းကို ပယ်ဖျက်ရတာဖြစ်ပါတယ်။ အခုဆိုရင် အဲဒီ ဥပဒေအဟောင်းတွေအရ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲရလဒ်များဟာ အလိုအလျောက် ပျက်ပြယ်သွားပြီ ဖြစ်ပါတယ်။

ဒီအချက်တွေကို ခြုံငုံသုံးသပ်ကြည့်ရင် ယခု ထုတ်ပြန်ပြဋ္ဌာန်းလိုက်တဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေ၊ နည်းဥပဒေတွေ အားလုံးဟာ တရားဝင် တည်ဆဲအစိုးရ တစ်ရပ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃အပါအဝင် တည်ဆဲဥပဒေများနဲ့အညီ တရားမျှတစွာ ထုတ်ပြန်ပြဋ္ဌာန်းထားခြင်းသာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။ ဒါ့အပြင် ယခုဥပဒေ၊ နည်းဥပဒေများ အားလုံးဟာ နိုင်ငံတကာစံနှုန်းများနဲ့ ချိန်ထိုးကြည့်ရင်လည်း ပေမီဒေါက်မီ စံချိန်မီတာကို တွေ့ရမှာဖြစ်ပါတယ်။

နောက်တစ်ချက်ပြောချင်တာက နိုင်ငံတကာမှာ အခြေခံဥပဒေပြဋ္ဌာန်းဖို့နဲ့ အရေးကြီးတဲ့ အခြေခံဥပဒေပြင်ဆင်ချက်များ ပြုလုပ်ဖို့အတွက်သာ ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုတဲ့ထုံးစံ ရှိပါတယ်။ ကျန်တဲ့ဥပဒေတွေကို လွှတ်တော်အတွင်းမှာပဲ ဆွေးနွေးပြီး မဲခွဲအတည်ပြုလေ့ရှိပါတယ်။ မြန်မာနိုင်ငံမှာတော့ လွှတ်တော်မရှိသေးဘဲ တပ်မတော်အစိုးရက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များနဲ့ အုပ်ချုပ်နေတာဖြစ်တဲ့အတွက် တရားဝင် အစိုးရတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းသင့်တဲ့ ဥပဒေတွေကို တရားဝင်ပြဋ္ဌာန်းခြင်းသာ ဖြစ်ပါတယ်။ ပြောရရင် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲ ဥပဒေတွေကို ပြဋ္ဌာန်းစဉ်ကလည်း ပြည်သူကို ချပြရှင်းလင်းခြင်း၊ ပြည်သူ့ဆီက အကြံပြုချက်သဘောထားဆန္ဒ တောင်းခံခြင်းမရှိခဲ့တာကို တွေ့ရှိနိုင်ပါတယ်။

ကျွန်တော်တို့နိုင်ငံအနေနဲ့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ ကဏ္ဍတိုင်းမှာ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ တာဝန်ရှိသူ ဝန်ထမ်းများဟာ အဲဒီ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်လျက်ရှိနေကြပါတယ်။ တရားရေးကဏ္ဍမှာ ကြည့်မယ်ဆိုရင်လည်း အမှုများ စိစစ်လက်ခံခြင်းနဲ့ အဆိုလွှာ၊ လျှောက်လွှာများ ပြန်ပေးခြင်းဆိုင်ရာ ကျင့်ထုံးနည်းလမ်းတွေရှိပြီး ဖြစ်ပါတယ်။ အဲဒီ ကျင့်ထုံးနည်းလမ်းတွေကို လေ့လာကြည့်တဲ့အခါ တရားရုံးချုပ်ကို တင်သွင်းလာတဲ့ အမှုများနဲ့ပတ်သက်ပြီး လိုအပ်ချက်များ ပြည့်စုံမှုရှိမရှိကို အမှုလက်ခံတဲ့ တရားရေးအရာရှိတွေက စိစစ်ရပါတယ်။ စိစစ်ချက်အရ ပြည့်စုံမှုရှိမယ်ဆိုရင် အမှုကို မှတ်ပုံတင်စာရင်းရေးသွင်းပြီး အမှုနံပါတ်ပေးရပါတယ်။ အဲဒီနောက် ရုံးတော်ကိုလာရမယ့် ရုံးချိန်းကိုလည်း သတ်မှတ်ပေးရပါတယ်။ တင်သွင်းလာတဲ့အဆိုလွှာ၊ လျှောက်လွှာတွေမှာ မှားယွင်းမှု၊ ချို့ယွင်းမှုရှိကြောင်း စိစစ်တွေ့ရှိရမယ်ဆိုရင်တော့ အဲဒီအဆိုလွှာ၊ လျှောက်လွှာများကို ပြန်ပေးနိုင်ပါတယ်။ ဒါကြောင့် အမှုအတွက် တင်သွင်းလာတဲ့ အဆိုလွှာ၊ လျှောက်လွှာတွေကို ပြဋ္ဌာန်းချက်အရ မှား…
အမှုလက်ခံစိစစ်တဲ့ တရားရေးအရာရှိက…
အာဏာရှိပြီးသား ဖြစ်ပါတယ်။

မှားယွင်းမှု၊ ချို့ယွင်းမှုဆိုရာမှာ လို…
တံဆိပ်ခေါင်း၊ လိပ်စာမပြည့်စုံမှုတွေအ…
စီရင်ပိုင်ခွင့်မရှိဘဲ စွဲဆိုမှုများလည်း ပါဝ…
အမှုသည် သို့မဟုတ် ရှေ့နေတွေက အမှု…
အမှုလက်ခံစိစစ်တဲ့ တရားရေးအရာရှိက…
လျှောက်လွှာဟာ မပြည့်စုံရင်၊ မှားယွ…
ပြန်ပေးပိုင်ခွင့် ရှိပါတယ်။

ဥပမာ-နိုင်ငံတော်ဥပဒေပြု အာဏာ…
တဲ့ဥပဒေကို ပြင်ဆင်ပေးဖို့နဲ့ အကျိုးသ…
တားမြစ်မိန့် ထုတ်ပြန်ပေးဖို့ စွဲဆိုတဲ့အမှု…
တွေကို တရားရုံးတွေက ထုတ်ပိုင်ခွင့်မရှိပ…
အာဏာပိုင်အဖွဲ့ကသာ လုပ်ဆောင်နိုင်မ…
ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ…
လည်း တရားရုံးက ဝင်ရောက်ဆောင်…
တရားရုံးမှာ ဆောင်ရွက်ပိုင်ခွင့်မရှိခြင်းဟာ…
ဖြစ်တဲ့အတွက် တရားရုံးကျင့်ထုံး နည်းလ…
ကို လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိကြ…
ပါတယ်။

**ဒီနေရာမှာ အခြေခံဥပဒေနဲ့ပတ်သက်…
နည်းလမ်းအချို့ကို ပြည်သူအများ သိထ…
စွဲဆိုတဲ့ ကိစ္စတွေမှာ ဖွဲ့စည်းပုံအခြေခံ…
စွဲချက်တွေ ပါဝင်လာမယ်ဆိုရင် ဖွဲ့စည်းပုံ…
တရားရုံးက ဆုံးဖြတ်လို့မရနိုင်ပါဘူး။ ဒါ့…
စပ်လျဉ်းတဲ့ ကိစ္စရပ်တွေရယ်၊ အခြား…
ပူးတွဲပြီး စွဲဆိုလာတဲ့အမှုကိစ္စတွေမှာလည်…
ကိစ္စရပ်ကို ဦးစွာဖြေရှင်းပြီးမှ ကျန်ဥပဒေ…
ဖြေရှင်းဆောင်ရွက်ရပါတယ်။ ဒါတွေပ…
လုပ်နည်းတွေပါပဲ။**

**ဒီနေ့ အခြေအနေဟာ ဒီမိုကရေစီအ…
ဝေဆာနေတဲ့ အခါသမယဖြစ်ပါတယ်။ …
ပြောနေသလို ဒီမိုကရေစီအမှောင်ကျနေ…
ပါဘူး။ ၂၀၁၀ပြည့်နှစ် ရွေးကောက်…
အစိုးရသစ်တစ်ရပ် မလွဲမသွေပေါ်ပေါက်…
နိုင်ငံတော်လည်း မလွဲမသွေပေါ်ထွန်းလ…
ကရေစီကို ဖော်ဆောင်ရာမှာ ဆန္ဒစောလို့…
ဖော်ဆောင်လို့လည်း မရနိုင်ပါဘူး။ ကိုယ…
ပကတိ အရှိတရားနဲ့ ကင်းကွာပြီး ပုံတူကူ…
ရှင်သန်လာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြော…
အခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့် ရင့်ကျက်…
လာအောင်၊ ပွင့်လင်းသည်ထက် ပွင့်လ…
လက်ရှည် ပျိုးထောင်တည်ဆောက်ကြရ…**

ဒီနေရာမှာ နိုင်ငံရေးပါတီတစ်ရပ်အ…
နိုင်ငံနဲ့ပြည်သူရဲ့ အကျိုးစီးပွားကိုယှဉ်ပြီး…
ကရေစီ ဖော်ဆောင်မှုမှာ ဆန္ဒမစောဖို့နဲ့…
မကင်းကွာဖို့ သတိပြုရမှာဖြစ်ပါတယ်။…
ကိုယ့်ပါတီ ရှင်သန်ရပ်တည်မှုအတွက်…
တစ်ဖက်ကလည်း နိုင်ငံနဲ့ပြည်သူရဲ့ အကျိ…
ဖြင့် အမျိုးသားအကျိုးစီးပွားကို အလေ…
စဉ်းစားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒီနေ့ ကမ္ဘာ့အခြေအနေတွေကို ပြန်…
ပြည်ထောင်စု ပြိုကွဲသွားခဲ့ရတဲ့ နိုင်ငံတွေ၊…

**ယခုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ပါ…
မပျက်မကွက် အောင်မြင်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ရွေ…
ဖွဲ့စည်းထားတဲ့ လွှတ်တော်များလည်း တစ်ဆက်တည်း ပေါ်ပေ…
ပြည်သူများအနေနဲ့ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် မိမိတို့…
ရွေးချယ်ကြရာမှာ လူရွေးမမှားကြဖို့ အရေးကြီးပါတယ်။**

လျှောက်လွှာတွေကို ပြဋ္ဌာန်းချက်အရ မှားယွင်းမှု၊ ချို့ယွင်းမှုရှိရင် အမှုလက်ခံစိစစ်တဲ့ တရားရေးအရာရှိက ပြန်ပေးနိုင်တဲ့ အခွင့်အာဏာရှိပြီးသား ဖြစ်ပါတယ်။

မှားယွင်းမှု၊ ချို့ယွင်းမှုဆိုရာမှာ လိုအပ်တဲ့ စာရွက်စာတမ်း၊ တံဆိပ်ခေါင်း၊ လိပ်စာမပြည့်စုံမှုတွေအပြင် ရုံးမှားပြီးစွဲဆိုမှု၊ စီရင်ပိုင်ခွင့်မရှိဘဲ စွဲဆိုမှုများလည်း ပါဝင်ပါတယ်။ ဒါကြောင့် အမှုသည် သို့မဟုတ် ရှေ့နေတွေက အမှုစွဲဆိုတင်သွင်းလာတိုင်း အမှုလက်ခံစိစစ်တဲ့ တရားရေးအရာရှိက လက်ခံမှာမဟုတ်ဘူး၊ လျှောက်လွှာဟာ မပြည့်စုံရင်၊ မှားယွင်းနေရင် လက်မခံဘဲ ပြန်ပေးပိုင်ခွင့် ရှိပါတယ်။

ဥပမာ-နိုင်ငံတော်ဥပဒေပြု အာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားတဲ့ဥပဒေကို ပြင်ဆင်ပေးဖို့နဲ့ အကျိုးသက်ရောက်မှုမရှိကြောင်း တားမြစ်မိန့် ထုတ်ပြန်ပေးဖို့ စွဲဆိုတဲ့အမှုမျိုးဖြစ်နေရင် အဲဒီအမိန့်တွေကို တရားရုံးတွေက ထုတ်ပိုင်ခွင့်မရှိပါဘူး။ ဒါဟာ ဥပဒေပြု အာဏာပိုင်အဖွဲ့ကသာ လုပ်ဆောင်နိုင်မယ့်အချက် ဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စများ ပါဝင်နေရင်လည်း တရားရုံးက ဝင်ရောက်ဆောင်ရွက်ပိုင်ခွင့် မရှိပါဘူး။ တရားရုံးမှာ ဆောင်ရွက်ပိုင်ခွင့်မရှိခြင်းဟာ စီရင်ပိုင်ခွင့်မရှိခြင်းသာ ဖြစ်တဲ့အတွက် တရားရုံးကျင့်ထုံး နည်းလမ်းများအရ တရားစွဲဆိုမှုကို လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒီနေရာမှာ အခြေခံဥပဒေနဲ့ပတ်သက်တဲ့ တရားရေးကျင့်ထုံး နည်းလမ်းအချို့ကို ပြည်သူအများ သိထားသင့်ပါတယ်။ တရားစွဲဆိုတဲ့ ကိစ္စတွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်တဲ့ စွဲချက်တွေ ပါဝင်လာမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒါကို တရားရုံးက ဆုံးဖြတ်လို့မရနိုင်ပါဘူး။ ဒါ့အပြင် အခြေခံဥပဒေနဲ့ စပ်လျဉ်းတဲ့ ကိစ္စရပ်တွေရယ်၊ အခြားဥပဒေကိစ္စရပ်တွေရယ် ပူးတွဲပြီး စွဲဆိုလာတဲ့အမှုကိစ္စတွေမှာလည်း အခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်ကို ဦးစွာဖြေရှင်းပြီးမှ ကျန်ဥပဒေရေးရာ ကိစ္စရပ်တွေကို ဖြေရှင်းဆောင်ရွက်ရပါတယ်။ ဒါတွေဟာ တရားရုံး လုပ်ထုံးလုပ်နည်းတွေပါပဲ။

ဒီနေ့ အခြေအနေဟာ ဒီမိုကရေစီအခွင့်အလမ်းတွေ ပွင့်လန်းဝေဆာနေတဲ့ အခါသမယဖြစ်ပါတယ်။ ဆန့်ကျင်ဘက်အုပ်စုတွေ ပြောနေသလို ဒီမိုကရေစီအမှောင်ကျနေတဲ့ အနေအထား မဟုတ်ပါဘူး။ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲနဲ့အတူ ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် မလွဲမသွေပေါ်ပေါက်လာမှာပါ။ ဒီမိုကရေစီ နိုင်ငံတော်လည်း မလွဲမသွေပေါ်ထွန်းလာမှာပါ။ သို့သော် ဒီမိုကရေစီကို ဖော်ဆောင်ရာမှာ ဆန္ဒစောလို့ မဖြစ်သလို စိတ်ကူးယဉ် ဖော်ဆောင်လို့လည်း မရနိုင်ပါဘူး။ ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူရဲ့ ပကတိ အရှိတရားနဲ့ ကင်းကွာပြီး ပုံတူကူးချ ဒီမိုကရေစီမျိုးလည်း ရှင်သန်လာနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ပကတိအရှိတရားကို အခြေခံပြီး တစ်ဆင့်ပြီးတစ်ဆင့် ရင့်ကျက်သည်ထက် ရင့်ကျက်လာအောင်၊ ပွင့်လင်းသည်ထက် ပွင့်လင်းလာအောင် စိတ်ရှည်လက်ရှည် ပျိုးထောင်တည်ဆောက်ကြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ တကယ်တမ်းသာ နိုင်ငံနဲ့ပြည်သူရဲ့ အကျိုးစီးပွားကိုယှဉ်ပြီး စဉ်းစားမယ်ဆိုရင် ဒီမိုကရေစီ ဖော်ဆောင်မှုမှာ ဆန္ဒမစောဖို့နဲ့ ပကတိ အရှိတရားနဲ့ မကင်းကွာဖို့ သတိပြုရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဖက်က ကိုယ့်ပါတီ ရှင်သန်ရပ်တည်မှုအတွက် စဉ်းစားတိုင်း အခြားတစ်ဖက်ကလည်း နိုင်ငံနဲ့ပြည်သူရဲ့ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထား ယှဉ်တွဲစဉ်းစားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒီနေ့ ကမ္ဘာ့အခြေအနေတွေကို ပြန်ကြည့်ရင် ဆန္ဒစောခဲ့လို့ ပြည်ထောင်စု ပြိုကွဲသွားခဲ့ရတဲ့ နိုင်ငံတွေ၊ စနစ်တကျ တစ်ဆင့်ပြီး တစ်ဆင့် ရင့်ကျက်အောင် ပျိုးထောင် ကူးပြောင်းနိုင်ခဲ့လို့ ဒီနေ့ အအုပ်အစည်းမပျက် တိုးတက်အောင်မြင်ဖြစ်ထွန်းနေတဲ့ နိုင်ငံတွေ စသဖြင့် သာဓကယူစရာ အများကြီးပါပဲ။ ဒီတော့ ကိုယ့်နိုင်ငံ ကိုယ့်ပြည်သူအတွက် ကောင်းတဲ့အမွေကို ချန်ရစ်အပ်နှင်းပြီး သမိုင်းမော်ကွန်းတင်မှာလား၊ ပြိုကွဲဆုံးရှုံးပျက်စီးပြီးမှ အများအားလုံးအတွက် သမိုင်းတရားခံအဖြစ် နောင်းလူတွေ လက်ညှိုးထိုးခံရအောင် လုပ်သွားမှာလား၊ အားလုံးစဉ်းစားကြစေချင်ပါတယ်။ သမိုင်းဆိုတာ ဒီနေ့လုပ်ဆောင်ချက်တွေရဲ့ မှတ်တမ်းတွေပါပဲ။ ဒီနေ့လုပ်တာမှန်ရင် နောင်သမိုင်းကြောင်း ကောင်းမှာဖြစ်သလို ဒီနေ့လုပ်တာမှားရင် နောင်သမိုင်းကြောင်း မှောင်မိုက်သွားနိုင်တယ်ဆိုတာ မမေ့သင့်ပါဘူး။ ဒီနေ့အချိန်မှာ အမှားသံသရာလည်နေမယ်ဆိုရင်တော့ နောင်သမိုင်းကြောင်း မှောင်မိုက်နေမှာ အမှန်ပါပဲ။

ခြုံပြီးပြောရရင် ဒီနေ့ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေဟာ ပြည်တွင်း ဥပဒေအရရော၊ နိုင်ငံတကာ ဥပဒေများအရပါ တရားမျှတမှုရှိတယ်၊ နိုင်ငံတကာ စံနှုန်းတွေနဲ့ ညီညွတ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရည်အချင်း သတ်မှတ်ခြင်း၊ အရည်အချင်းပျက်ယွင်းမှု သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ဟာ နိုင်ငံတကာက လက်ခံကျင့်သုံးတဲ့ စံနှုန်းများနဲ့အညီ သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း အထင်အရှား လေ့လာတွေ့ရှိနိုင်ပါတယ်။

ယနေ့ နိုင်ငံနဲ့ပြည်သူတစ်ရပ်လုံးရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ကျင့်သိက္ခာ ပြည့်စုံပြီး အရည်အချင်းမြင့်မားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကသာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဖြစ်လာအောင် ဦးဆောင်လမ်းပြသွားနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ လွှတ်တော်တွေမှာ အကျင့်ပျက်ပြားသူတွေ၊ ဥပဒေအရ ပြစ်ဒဏ်ကျခံနေရသူတွေ ပါဝင်နေမယ်ဆိုရင် သက်ဆိုင်ရာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမှာဖြစ်သလို နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်အတွက်လည်း မေးမှိန်စေမှာ မုချပါပဲ။

ဒါကြောင့် နိုင်ငံရေးပါတီတွေအနေနဲ့လည်း နိုင်ငံနဲ့ပြည်သူရဲ့ ရေရှည်အကျိုးကို မျှော်ကိုးပြီး စနစ်တကျ ချမှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေများနဲ့အညီ စနစ်တကျ လိုက်နာကျင့်သုံးရင်း ပါတီတစ်ခုရဲ့ ရှင်သန်ရပ်တည်မှုနဲ့ ဂုဏ်သိက္ခာကို တည်ဆောက်ယူသင့်ကြပါတယ်။

ယခုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို ဒီနှစ်ထဲမှာ မပျက်မကွက် အောင်မြင်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်များလည်း တစ်ဆက်တည်း ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင် ပြည်သူများအနေနဲ့ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် မိမိတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေး ရွေးချယ်ကြရာမှာ လူရွေးမမှားကြဖို့ အရေးကြီးပါတယ်။ မိမိတို့ လူရွေးမှားခဲ့ရင် အဲဒီအမှားရဲ့ဒဏ်ကို မိမိသာမက အားလုံးသော ပြည်သူများနဲ့ နိုင်ငံတော်ကပါ ခံစားကြရမှာဖြစ်ကြောင်း အထူးသတိပြုကြရပါမယ်။ မိမိတို့က အသိတရားနှင့်ယှဉ်၊ သတိတရားနဲ့ ပေါင်းစပ်ပြီး မှန်ကန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပေးခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရာ ရောက်တယ်ဆိုတာကို သိမြင်နားလည် ခံယူကြရမှာဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ॥

။ နည်းဥပဒေများနဲ့အညီ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးကို ဒီနှစ်ထဲမှာ ...ကျင်းပသွားမှာဖြစ်ပါတယ်။ ရွေးကောက် တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်များနဲ့ ...လည်း တစ်ဆက်တည်း ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင် ...ပြည်သူအကျိုးအတွက် မိမိတို့ရဲ့ လွှတ်တော် ကိုယ်စားလှယ်များကို ဆန္ဒမဲပေး ...ကြဖို့ အရေးကြီးပါတယ်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး
ဝန်ကြီး ပိုလ်မှူးချုပ်အုန်းမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၂၇

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် အဖွဲ့တို့သည် မတ် ၂၆ရက် မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ရာတွင် သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၃-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ To Be Healthy Exercise
- ၇:၃၀ ၃။ Morning News
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇:၄၅ ၅။ Nice & Sweet Song
- ၇:၅၅ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ အမျိုးသားမီးရထားကွန်ရက် အစိတ်အပိုင်း သရက်-မင်းလှလမ်းအပိုင်း
- ၈:၁၀ ၈။ Musical Programme
- ၈:၂၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၁၀။ International News
- ၈:၃၅ ၁၁။ Connect with English (Episode-35) (Changes)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ Martial Song
- ၁၁:၁၀ ၂။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၁:၂၀ ၃။ Round Up of the Week International News
- ၁၃:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ** (အပိုင်း-၈၄) (ဇာတ်သိမ်းပိုင်း)
- ၁၂:၂၀ ၅။ Golf Magazine (TV)
- ၁၂:၄၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **ယောက္ခမ** ကျော်ဟိန်း၊ ရဲအောင်၊ နန္ဒလှိုင် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၄:၅၀ ၇။ International News
- ၁၅:၀၀ ၈။ Close Down

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Cup(2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C)
- ၅:၄၅ ၂။ Musical Programme
- ၆:၀၀ ၃။ Evening News
- ၆:၁၅ ၄။ Weather Report
- ၆:၂၀ ၅။ ကာတွန်းအစီအစဉ် **BUGS' ADVENTURES** (အပိုင်း-၆)
- ၆:၃၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂၃)
- ၇:၃၅ ၇။ ပြည်သူ့အတွက်တပ်မတော် (စက်မှု၊ စွမ်းအင်၊ လျှပ်စစ်၊ သစ်တော)
- ၈:၀၀ ၈။ News
- ၉။ International News
- ၁၀။ Weather Report
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၁)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၁၇)

ထူးခြားသည့် နေ့အပူချိန်

၂၇-၃-၂၀၁၀

ကလေးဝမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ရွှေဘိုမြို့	၄၂ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ချောက်မြို့	၄၂ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၂ ဒီဂရီစင်တီဂရိတ်
ပခုက္ကူမြို့	၄၂ ဒီဂရီစင်တီဂရိတ်

အထက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၇

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ဒသမ ၁၉လက်မနှင့် မချမ်းဘောမြို့တွင် ၀ဒသမ ၁၆လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မတ် ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ ငွေဖြင့် ဆောင်ရွက်ခဲ့သော အမှတ် (၄)လမ်းမှ ကင်မလင်းချောင်း ကျေးရွာချင်းဆက်လမ်း ဂဝံလမ်းသစ် ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က အဆိုပါ ကျေးရွာလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီးစန်းယု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးမိုးကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကျင်းပ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်ဆုချီးမြှင့်

နေပြည်တော် မတ် ၂၇

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ စုရပ်သစ် တပ်စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဆုချီးမြှင့်ပွဲသို့ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ အကောင်းဆုံးစစ်ရေးပြ တပ်ခွဲ ရွေးချယ်ဆုချီးမြှင့်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်း ဦးဆောင်သော အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့မှ စစ်ကြောင်းမှူးများ၊ တပ်ရင်းမှူးများ၊ တပ်ခွဲမှူးများနှင့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ချီးမြှင့်

ထို့နောက် (၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းက ဂုဏ်ပြုဆုရရှိကြသော မြန်မာနိုင်ငံ ကြက်ခြေနီ တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်က ဂုဏ်ပြုဆုရရှိကြသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ တတိယဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက စစ်ရေးပြတပ်ခွဲ ဒုတိယဆုရ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲ ပထမဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အလေးပြု

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအား စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် စစ်ရေးပြ စစ်ကြောင်းများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အလေးပြုကြပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြတပ်ခွဲ ပထမဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း စစ်ရေးပြတပ်ခွဲ ဒုတိယဆုရ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင် ဂုဏ်ပြုဆုရရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

(၆၅)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များ၊ ပြည်တွင်းရှိ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းဂျာနယ် မဂ္ဂဇင်းများမှ သတင်းထောက်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အနုပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေ

၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညှိ့ခံပွဲနှင့် ဂုဏ်ပြု ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် တွဲဖက်၍ တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အကပဒေသာများ၊ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

(၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်
တပ်မတော်စစ်သမိုင်းပြတိုက် ဖွင့်လှစ်ပြသ

ရန်ကုန် မတ် ၂၇

(၆၅)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်စစ်သမိုင်းပြတိုက်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ အဆိုပါပြတိုက်၌ ယနေ့နံနက်ပိုင်းတွင် ဒုတိယနေ့အဖြစ် ဖွင့်လှစ်ပြသရာ ရဟန်းရှင်လူ၊ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

ပြသထား

အဆိုပါစစ်သမိုင်းပြတိုက် ပြခန်းများတွင် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများနှင့် ဝန်ကြီးဌာနများ၏ တိုင်းကျိုးပြည်ပြု ပြခန်းများကို ပြသထားသည်။

အဆိုပါပြပွဲကို မတ် ၂၆ရက်မှ ဧပြီ ၄ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသထားပြီး မည်သူမဆို လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုံရွာမြို့၏ အမြင့်ဆုံးအပူချိန်

နေပြည်တော် မတ် ၂၇

မုံရွာမြို့၏ ယမန်နေ့ အမြင့်ဆုံး အပူချိန် ၄၃ဒသမ ၅ဒီဂရီစင်တီဂရိတ် ၁၁၀ဒသမ ၃ဒီဂရီ ဖာရင်ဟိုက်သည် လွန်ခဲ့သော နှစ်ပေါင်း ၄၆နှစ်အတွင်း ယင်းမြို့၏ မတ်လအတွက် အမြင့်ဆုံးအပူချိန် စံချိန်သစ်ဖြစ်သည်။ ယခင် စံချိန်ဟောင်းမှာ ၂၀၀၄ခုနှစ် မတ် ၂၇ရက်က ၄၂ဒသမ ၇ဒီဂရီစင်တီဂရိတ် ၁၀၈ဒသမ ၉ဒီဂရီဖာရင်ဟိုက်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နောက်ကျချေပဂိုးကြောင့် မကွေးအသင်းဆီက အမှတ်ခွဲယူနိုင်ခဲ့တဲ့ လက်ရှိချန်ပီယံ ရတနာပုံ

မန္တလေး မတ် ၂၇

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက ဆက်လက်ကျင်းပရာ မန္တလေးမြို့ ဗထူးကွင်းတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် မကွေးအသင်းတို့ သရေကျသွားပြီး ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ဆောက်သမ်းမြန်မာအသင်းက ဥဿာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

(ဗထူးကွင်း)

ရတနာပုံ - နှစ်ဂိုး။
မကွေး - နှစ်ဂိုး။

အောင်မြင့်အေး၊ လွင်ဦး၊ ပြည့်ဖြိုးဦးတို့အပါအဝင် နိုင်ငံခြားသားတွေနဲ့ အစုံအလင် ပါဝင်လာတဲ့ မကွေးအသင်းဟာ ပွဲစကတည်းက ရတနာပုံကို အပြန်အလှန် ကစားနိုင်ခဲ့ပါတယ်။ မိနစ် ၄၀မှာ နိုင်ငံခြားသားတိုက်စစ်မှူး အဘိုလာဂျီက မကွေးအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးမှာတော့ အိုင်ဗရီကို့စ်ကစားသမား အဂျီမူဂျွန်က အိမ်ရှင်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ပွဲဟာပိုပြီးတော့ အကြိတ်အနယ် ရှိလာပါတယ်။ ၆၂မိနစ်မှာ နောက်ခံလူ မန်ဆာတိုက်ရိုက်အနီ၊ မိနစ် ၇၀မှာ အောင်မြင့်အေးက နှစ်ဝါတစ်နီတို့နဲ့ အထုတ်ခံရလို့ မကွေးအသင်းကိုးဦးတည်းနဲ့ ကစားခဲ့ရပါတယ်။ ဒါပေမယ့် ၆၆မိနစ်မှာ အဖွင့်ဂိုးသွင်းယူခဲ့တဲ့ အဘိုလာဂျီက မကွေးအသင်းအတွက် ဒုတိယဂိုး သွင်းယူပေးခဲ့ပါတယ်။ ကိုယ့်ကွင်း ကိုယ့်ပရိသတ် ရှေ့မှောက်မှာ ရှုံးပွဲကြုံတွေ့နေရတာကြောင့် ရတနာပုံအသင်းဟာ ချေပဂိုးရဖို့ ကစားအား ထပ်တင်ခဲ့ပါတယ်။ နှစ်ယောက်လျော့ထားတဲ့ မကွေးအသင်းဟာ ကြာရှည်တောင့်ခံနိုင်ခြင်းမရှိဘဲ ၈၈မိနစ်မှာ အဂျီမူဂျွန်ရဲ့ ချေပဂိုးသွင်းခြင်းကို ခံခဲ့ရပါတယ်။

(သုဝဏ္ဏကွင်း)

ဆောက်သမ်းမြန်မာ - တစ်ဂိုး။
ဥဿာယူနိုက်တက် - ဂိုးမရှိ။

ဆောက်သမ်းမြန်မာ အသင်းဟာ နိုင်ဂျီးရီးယားကစားသမား ပရင့်ဇ်ရဲ့ ၅၉မိနစ်မှာ သွင်းတဲ့အနိုင်ဂိုးနဲ့ အမှတ်ပေးဇယားကို ဦးဆောင်ခွင့် ရရှိသွားပါတယ်။ ဆောက်သမ်းမြန်မာအသင်းဟာ သုံးပွဲ ကစားအပြီးမှာ ရမှတ် ခုနစ်မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်တာ ဖြစ်ပါတယ်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ဇေယျာရွှေမြေ - ရန်ကုန်ယူနိုက်တက်။

(ဗထူးကွင်း)

ဇွဲကပင်ယူနိုက်တက် - ဒယ်လ်တာယူနိုက်တက်။

(မြန်မာ့အလင်း)

ကယားပြည်နယ်၌ ၂၀၁၀ခုနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို မတ်၁၄ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အဖွင့်အမှာစကား ပြောကြားစဉ်။ (ပြည်နယ် ပြန်/ဆက်)

ရွှေဘိုမြို့သို့ ရေပေးဝေသည့် မဟာနန္ဒာကန်တော် ရေစက်ရုံဝန်းကျင် သာယာလှပရေးအတွက် မြေယာရှင်းအလှ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးအောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ဗန်းမော်၌ ရောင်ခြည်ဦးစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဗန်းမော် မတ် ၂၇

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ် ဟန်းတဲကျေးရွာ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ ရန်ပုံငွေ၊ ပရိဘောဂ၊ စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းပေးအပ်လှူဒါန်းပွဲကို မတ်၂၆ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ချို က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စေတနာရှင်ပြည်သူ၂၇ဦးတို့က စာကြည့်တိုက်အတွက် ငွေပဒေသာပင် ကျပ်၂၄၅၀၀၀၊ ဗန်းမော်မြို့ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၁၆ဆိုင်မှ ၁၉လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဗန်းမော်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က စာအုပ်စာစောင် ၂၁၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူသည်။

ဖဲကြိုးဖြတ်ဖွင့်

ဆက်လက်၍ ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ကို နယ်မြေခံတပ်နယ်မှူးဒုတိယဗိုလ်မှူးကြီးမျိုးဝင်း၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ချို၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်ညွန့်၊ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးနှင့် ဟန်းတဲကျေးရွာဥက္ကဋ္ဌ ဦးအောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်များရွေးချယ်

ရန်ကုန် မတ် ၂၇

သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဉ္စမအကြိမ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို မတ် ၆ရက် နံနက်၁၁နာရီက မြို့နယ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့ တက်ရောက်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ညွန့်(မောင်နေမျိုး)က အဖွင့်အမှာစကားပြောကြားပြီး စာရင်းစစ် ဦးသန်းဝင်း(မင်းယဉ်စု)က နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးသို့ တင်သွင်းသော မြို့နယ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းမြင့် (ယုဝတီသဇင်-ဗန်းမော်)က အလှူရှင်များ၏ လှူဒါန်းငွေနှင့် ဘဏ္ဍာရေး ငွေစာရင်းရှင်းတမ်းကိုလည်းကောင်း ဖတ်ကြားအတည်ပြုကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သာရေး၊ နာရေးရန်ပုံငွေအတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး(မောင်ဟေမာ)က ငွေကျပ်ငါးသောင်း၊မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်းမြင့်(ယုဝတီသဇင်-ဗန်းမော်)က ငွေကျပ်တစ်သိန်း၊ ဦးဘထွေး(ချင်းတွင်းဦးဘထွေး)က ငွေကျပ်တစ်သောင်း၊ ဒေါ်ဖြူဖြူလွင်(မန်နေဂျင်းဒါရိုက်တာ) ရွှေလက္ခဏာမိသားစုကုမ္ပဏီလီမိတက်က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်လွင်နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးစိန်ညွန့်(မောင်နေမျိုး)တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

သဃ်န်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးနေမျိုးအား အလှူငွေပေးအပ်စဉ်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

ဆက်လက်၍ အမှုဆောင်သစ်များကို ရွေးချယ်ရာ ဦးစိန်ညွန့်(မောင်နေမျိုး)က ဥက္ကဋ္ဌ၊ ဦးမောင်မောင်ကြည် (ရေနံမြေမောင်မောင်ကြည်)က ဒုတိယဥက္ကဋ္ဌ၊ ဦးဘသစ်(ဘသစ်ထူး)က အတွင်းရေးမှူး၊ ဦးခင်မောင်ဦး (ကာတွန်းရွှေကိုဦး)က တွဲဖက်အတွင်းရေးမှူး၊ဒေါ်စန်းစန်းမြင့် (ယုဝတီသဇင်-ဗန်းမော်)က ဘဏ္ဍာရေးမှူး၊ ဦးသန်းဝင်း(မင်းယဉ်စု)က စာရင်းစစ်နှင့် အမှုဆောင်များကို ရွေးချယ်တင်မြှောက်ကြပြီး ပဉ္စမအကြိမ် စာပေညီလာခံ ကိုယ်စားလှယ်များအဖြစ် သဃ်န်းကျွန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ မောင်နေမျိုးနှင့် ဒုတိယဥက္ကဋ္ဌ ရေနံမြေမောင်မောင်ကြည်တို့အား ရွေးချယ်ကြသည်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

အခြေခံ တိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်

နေပြည်တော် မတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် လယ်ဝေး တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း နေပြည်တော်ခရိုင်အသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံတိုင်းရင်းဆေးပညာပေးသင်တန်းဖွင့်ပွဲကို မတ်၂၁ရက် နံနက်၉နာရီက နေပြည်တော်လယ်ဝေး ဖောင်တော်ချက်မဘုရားကြီး သာသနာ့ဗိမာန်၌ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန သုတေသနနှင့် ဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြသည်။

(ခရိုင်တိုင်းရင်းဆေး)

ပန်းတောင်း၌ ကျေးလက်ဖွံ့ဖြိုးရေးချောင်းကူးတံတားဖွင့်

ပန်းတောင်း မတ် ၂၇

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ဒေါင်းမြတ်နားကျေးရွာအုပ်စု ရုံးပုချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ရက် နံနက် ၈နာရီက အဆိုပါတံတားဖွင့်ပွဲအခမ်းအနားမဏ္ဍပ်၌ ကျင်းပရာ ပန်းတောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသိန်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရုံးပုချောင်းကူးတံတားသည် အလျား ၂၅ပေ၊ အကျယ် ၁၂ပေရှိပြီး သစ်သားတံတားအမျိုးအစားဖြစ်ကာ တံတားတန်ဖိုးမှာ နိုင်ငံတော်မှ ခွင့်ပြုငွေကျပ် ရှစ်သိန်း၊ ပြည်သူများ ထည့်ဝင်ငွေ ကျပ် ၁၂သိန်း စုစုပေါင်း ကျပ်သိန်း ၂၀ဖြင့် ဆောင်ရွက်ခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မန်စီမြို့နယ်စည်ပင် ကျေးလက်ဖွံ့ဖြိုးရေး ကျောက်ချောလမ်းသစ်ဖွင့်

မန်စီ မတ် ၂၇

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန်စီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရိုရူး-မန်သဲကျေးလက်ပြောင်းဖူးစေ့စီကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ရက် နံနက် ၁၁နာရီက အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ ဗန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးဋ္ဌေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(မြို့နယ် ပြန်/ဆက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တောင်ကိုရီးယားကမ်းလွန်၌ သင်္ဘောနစ်မြုပ်

တောင်ကိုရီးယား အနောက်ဘက်ကမ်းလွန်တွင် မတ် ၂၇ရက်က တောင်ကိုရီးယားရေတပ်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောပေါ်တွင်လိုက်ပါသူ ၄၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

တရုတ်အလယ်ပိုင်း၌ မိုင်းတွင်း ရေလွှမ်းမှု ဖြစ်ပွား

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ဘီယန်စီရင်စုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သတ္တုမိုင်းတွင်းတစ်တွင်း ရေလွှမ်းမှုဖြစ်ပွားရာ မိုင်းတွင်းလုပ်သား ၁၁ ဦးသေဆုံးခဲ့ကြောင်း တရုတ်အရာရှိများက မတ် ၂၇ရက်၌ ပြောကြားသည်။

ချီလီနိုင်ငံမြောက်ပိုင်း၌ ငလျင် ထပ်မံလှုပ်

ချီလီနိုင်ငံမြောက်ပိုင်း စန်တီရာဂိုမြို့မှ မိုင်၃၈ဝခန့်အကွာ မြေအောက်၂၁မိုင်ခန့်ကို ဗဟိုပြု၍ မတ်၂၇ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ၂အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ငလျင်ကြောင့် စန်တီရာဂိုမြို့၌ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ကြောင်း ချီလီအရာရှိများက မတ်၂၇ရက်၌ ပြောကြားသည်။

တောင်ကိုရီးယားနှင့်မက္ကဆီကိုတို့ သတင်းဖလှယ်ကြမည်

တောင်ကိုရီးယားနှင့်မက္ကဆီကိုရဲတပ်ဖွဲ့များအနေဖြင့် လုပ်ငန်းတာဝန်များပူးတွဲလုပ်ကိုင်နိုင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း၊ နှစ်နိုင်ငံသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးအတွက် သဘောတူညီမှုဆိုင်ရာ လက်မှတ်ရေးထိုးမှုများကိုလည်း မတ်၂၇ရက်၌ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

တာတိုပစ်ဒုံးကျည် အိန္ဒိယစမ်းသပ်ပစ်လွှတ်မည်

ကီလိုမီတာ ၂၉၀အထိ ပစ်ခတ်နိုင်သော တာတိုပစ်ဒုံးကျည်များကို ယခုရက်ပိုင်းအတွင်း အိန္ဒိယနိုင်ငံက စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း၊ စမ်းသပ်ပစ်လွှတ်မည့်နေရာမှာ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်အရှေ့ပိုင်း ချန်ဒီယူရာ အခြေစိုက်စခန်းမှဖြစ်ကြောင်း အိန္ဒိယစစ်ဘက်က မတ် ၂၇ရက်၌ သတင်းထုတ်ပြန်သည်။

ဆိုမာလီယာကမ်းလွန်၌ ယီမင်ငါးဖမ်းသင်္ဘော အပိုင်စီးခံရ

ဆိုမာလီယာနိုင်ငံမြောက်ပိုင်း ကမ်းလွန်တွင် မတ် ၂၇ရက်၌ ယီမင်ငါးဖမ်းသင်္ဘောတစ်စင်းကို ဆိုမာလီဓားပြများ အပိုင်စီးသွားခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် သင်္ဘောသား ၁၂ဦးပါရှိကြောင်း ယီမင်အရာရှိများက မတ် ၂၇ရက်၌ ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ အစ္စရေးလေယာဉ်များ တိုက်ခိုက်

အစ္စရေးလေယာဉ်များက မတ် ၂၇ရက်တွင် ပါလက်စတိုင်း ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းအရပ်သားသုံးဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အိန္ဒိယ အနောက်ပိုင်း၌ မိုင်းတွင်းပြိုကျ

အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျာစသန်ပြည်နယ်တွင် မတ်၂၇ရက်က သတ္တုမိုင်းတွင်း ပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သားခြောက်ဦး သေဆုံးခဲ့ကြောင်း၊ ၁၆ဦးမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း အိန္ဒိယရဲတပ်ဖွဲ့က မတ်၂၇ရက်၌ ပြောကြားသည်။

ဗင်နီဇွဲလားသမ္မတ အီကွေဒေါသို့ ရောက်ရှိ

ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် အီကွေဒေါနိုင်ငံသို့ မတ်၂၇ရက်ကရောက်ရှိခဲ့ကြောင်း၊ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုစာချုပ်များ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန်လည်း အီကွေဒေါသမ္မတနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဗင်နီဇွဲလားအရာရှိများက ပြောကြားသည်။ (အင်တာနက်)

OK Myanmar Co., Ltd.၏ အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ပွဲနှင့် Sanyo လေအေးပေးစက် Model အသစ် Sanyo Solar Energy ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၇

OK Myanmar Co., Ltd. ၏ ၂၀၁၀ခုနှစ် အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ပွဲနှင့် Sanyo အမှတ်တံဆိပ် လေအေးပေးစက် Model အသစ် Sanyo Solar Energy ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် OK Myanmar Co., Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက် စကားပြောကြားပြီး Sanyo Asia Pte Ltd. မှ ဒါရိုက်တာ Mr. Mike Kataoka က Sanyo နှင့် OK Myanmar Co., Ltd. တို့ပူးပေါင်း၍ မြန်မာနိုင်ငံဈေးကွက်တွင် Sanyo လျှပ်စစ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရန် စီစဉ်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Sanyo Asia Pte Ltd. မှ Mr. Kelvin Ang Boon Guan က Sanyo Solar Energy နှင့် Sanyo အမှတ်တံဆိပ်၊ ရေတင်၊ ရေတွန်း Pump များ အရည်အသွေးနှင့် နည်းပညာအားသာချက်များကို လည်းကောင်း၊ Mr. Lawrence Ng Yue Sion က စီးပွားရေးလုပ်ငန်းသုံး Sanyo Open Show-case များ၏ အရည်အသွေးနှင့် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းပြသကြသည်။ ဆက်လက်၍ OK Myanmar Co., Ltd. ၏ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က Sanyo နှင့်ပူးပေါင်း၍ လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အရောင်းကိုယ်စားလှယ်ကြီးများအား ဆုများချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စတင်ဖြန့်ဖြူး

OK Myanmar Co., Ltd. သည် ဂျပန်နိုင်ငံ Sanyo အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်တွင် တင်သွင်းဖြန့်ဖြူးလျက်ရှိရာ ယခုအခမ်းအနားတွင် Cool Beauty လေအေးပေးစက် Model အသစ်များကိုပြသထားပြီး မတ် ၂၇ရက်မှစ၍ ဈေးကွက်တွင်စတင်ဖြန့်ဖြူးမည်ဖြစ်သည်။ Cool Beauty လေအေးပေးစက်များသည် လေအေးပေးစက်များတွင်ပါရှိသည့် Function အားလုံးပါရှိသည့်အပြင် ထူးခြားချက်မှာ Anti-Corrosion Blue Fin တပ်ဆင်ထားသဖြင့် လေအေးပေးစက်အတွင်းရှိ အပူကွိုင်၊ အအေးကွိုင်များ သံချေးတက်ခြင်းမှ ကာကွယ်နိုင်သည့်အတွက် အကြမ်းခံပြီး ရေရှည်သုံးစွဲနိုင်သည်။ လိုအပ်သော အအေးဓာတ်ကိုလည်း တစ်သမတ်တည်းထိန်းသိမ်းထားနိုင်သည်။ အရည်အသွေးမြင့် Sanyo Compressor ကို တပ်ဆင်ထားသည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှု သက်သာပြီး မီးအားကျသွားသည့် အချိန်များတွင် စက်ရပ်သွားခြင်းမရှိဘဲ ပုံမှန်လည်ပတ်နိုင်စွမ်းရှိကြောင်းသိရသည်။

ဝယ်ယူနိုင်

ကုမ္ပဏီအနေဖြင့် အဆိုပါ Cool Beauty လေအေးပေးစက်ကို ဈေးကွက်တွင်စတင်မိတ်ဆက်ဖြန့်ဖြူးရာတွင် မတ်၂၇ရက်မှ မေ၂၇ရက်အထိ ရောင်းအားမြှင့်ကာလသတ်မှတ်ပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးခြင်း၊ ဝယ်ယူသုံးစွဲသူတိုင်း ငွေသားကျပ်တစ်သောင်းမှ ကျပ်တစ်သိန်းအထိရရှိနိုင်မည့် ဗလာမပါခဲခြစ်ကံစမ်းမဲများ ထည့်သွင်းချီးမြှင့်ပေးခြင်းများဖြင့် ရောင်းချပေးမည်ဖြစ်သည်။ ဝယ်ယူသုံးစွဲလိုသူများအနေဖြင့် ကုမ္ပဏီအရောင်းခန်းမများနှင့် တစ်နိုင်ငံလုံးရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များတွင် အလွယ်တကူဝယ်ယူနိုင်သည်။

ဆက်သွယ်နိုင်

OK Myanmar Co., Ltd. မှ တိုးချဲ့လုပ်ဆောင်လျက်ရှိသည့် Sanyo Solar စွမ်းအင်သည် နိုင်ငံတကာတွင် ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိပြီး စီးပွားရေးလုပ်ငန်းများတွင်အသုံးပြုရန် ထုတ်လုပ်ထားသည်။ Sanyo Solar ပြားများကို ဂျပန်နိုင်ငံ Sanyo စက်ရုံများမှ တိုက်ရိုက်ထုတ်လုပ်ပြီး အာမခံသက်တမ်း နှစ်(၂၀) ကို Sanyo မှ တိုက်ရိုက်ပေးထားသည်။ စိုက်ခင်းများရေတင်ခြင်း၊ လျှပ်စစ်ဓာတ်အား အချိန်ပြည့်လိုအပ်သည့်လုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အား မရရှိသေးသည့်နေရာဒေသများတွင် Solar စွမ်းအင်ကိုသုံးစွဲနေကြပြီဖြစ်သည်။ လက်ရှိအခြေအနေတွင် ကုမ္ပဏီအနေဖြင့် စီးပွားရေးလုပ်ငန်းများတွင် Sanyo Solar အသုံးပြု၍ လက်ခံတပ်ဆင်ခြင်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ အသေးစိတ်သိရှိလိုပါက OK Myanmar Co., Ltd. အမှတ်(G-9) MGE Tower ဗိုလ်တထောင်မြို့နယ် ဖုန်း-၂၅၆၅၀၁၊ ၂၅၆၅၀၂၊ ၂၅၆၅၀၃၊ ၂၅၆၅၀၄၊ ၂၅၆၅၀၅၊ ၂၅၆၅၀၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

OK Myanmar Co., Ltd. ၏၂၀၁၀ခုနှစ် အရောင်းကိုယ်စားလှယ်များအား ဆုချီးမြှင့်ပွဲနှင့် Sanyo အမှတ်တံဆိပ် လေအေးပေးစက် Model အသစ် Sanyo Solar Energy ပစ္စည်းများ မိတ်ဆက်ရှင်းလင်းပွဲတွင် OK Myanmar Co., Ltd. မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

OK Myanmar Co., Ltd. မှ Cool Beauty လေအေးပေးစက် Model အသစ်များကို ပြသထားစဉ်။ (သတင်းစဉ်)

ကလေးမြို့၌ မီးလောင် မီးဘေးဒုက္ခသည်များအား လိုအပ်သည်များ ကူညီပံ့ပိုးပေးလျက်ရှိ

နေပြည်တော် မတ် ၂၇

စစ်ကိုင်းတိုင်း ကလေးမြို့ ပင်လုံ(၆) ရပ်ကွက်၌ မတ်၂၄ရက် နံနက်၁၀ နာရီတွင် နေအိမ် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးစတင်လောင်ကျွမ်းပြီး နေအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်သွားသူ ၄၇ဦးအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ တာဝန်ရှိသူများ၊ ပြည်သူများ ပူးပေါင်းပြီး လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖောင်ပိတ်သတင်း ဒီယာလာပြည်နယ်၌ ဗုံးများပေါက်ကွဲ ၅၃ ဦးသေဆုံး၊ ၁၀၅ ဦးဒဏ်ရာရရှိ

ဘာကူဘာ(အီရတ်) မတ် ၂၇

အီရတ်နိုင်ငံ အရှေ့ပိုင်း ဒီယာလာပြည်နယ်၌ မတ် ၂၇ရက်က ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ ၅၃ ဦးသေဆုံးပြီး ၁၀၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲ သတင်းရပ်ကွက်က ပြောကြားသည်။

လမ်းဘေးထောင်ဗုံး

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဒီယာလာပြည်နယ်၏မြို့တော် ဘာကူဘာမြို့ အနီး ခါလစ်မြို့ လူစည်ကားရာလမ်းတစ်လမ်းပေါ်တွင် ခဲယမ်းမီးကျောက်များတင်ဆောင်လာသော မီနီဘတ်စ်တစ်စီး လမ်းဘေးထောင်ဗုံးကြိတ်မိပြီး ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပျက်စီး

ယင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းကြောင့် နာမည်ကြီးစားသောက်ဆိုင်များ၊ ဈေးဆိုင်များနှင့် အနီးဝန်းကျင်ရှိ မော်တော်ကားများပျက်စီးခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြဝတီရုပ်မြင်သံကြား

၂၈-၃-၂၀၁၀

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	တရားတော်
၇:၁၀	၃။	ဓမ္မပူဇာတေး
၇:၂၀	၄။	မျိုးချစ်တပ်မတော်
၇:၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇:၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၃၆)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ကြယ်ကြွေဆုတောင်း**
၁၃:၃၀	၆။	ကျန်းမာသုတ
၁၄:၀၀	၇။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂၁)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	မြတ်နိုးကြစေအမျိုးသားအမွေ
၄:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀	၉။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၀။	ဘဝကြေးမုံ **ဘဝတစ်ခုအရင်းပြု၍** အကယ်ဒမီအောင်ခိုင်၊ ကောင်းမိုးယံ၊ ဝါဝါအောင်၊ အေးချမ်းမိုး [ဒါရိုက်တာ-ဆဲဗင်း(IC)]
၇:၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၁၁)
၈:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	နိုင်ငံတကာသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၃၁)
	၁၈။	**နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၃)

မြန်မာ့အလင်း ပရီမီယာလိဂ်ဖောင်ပိတ်သတင်း

ချယ်လ်ဆီးတို့ ဂိုးမိုးရွာ အောင်ပွဲခံ မန်ယူတို့ ဇယားထိပ်၌ ဆက်ဦးဆောင်နိုင်

လန်ဒန် မတ် ၂၇

ပရီမီယာလိဂ်ပွဲစဉ် ၃၂ ဘောလုံးပြိုင်ပွဲများကို မတ် ၂၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ထိပ်သီးအသင်းများအနေဖြင့် ပရီမီယာလိဂ်ပွဲစဉ်များ ပြီးဆုံးရန် နီးကပ်လာချိန်တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ချယ်လ်ဆီးက အိမ်ကွင်း၌ကာလင်း ဖလားဗိုလ်လုပွဲရောက် အက်စ်တွန်ဗီလာအသင်းကို ဂိုးဒါဇင်ဝက်ကျော် သွင်းယူပြီး အောင်ပွဲခံခဲ့သည်။ ပွဲစပြီး ၁၅မိနစ်အကြာ လမ်းပတ်က ချယ်လ်ဆီးအတွက် အဖွင့်ဂိုး သွင်းယူသည်။ ယင်းဂိုးကို ကာရူးက ဗီလာအတွက် ပြန်လည်ချေပသည်။

ပထမပိုင်းပြီးခါနီးတွင် ဇီယာကော့ဗ်အား ဗီလာကစားသမား ကောလင်းကြမ်းတမ်းစွာကစားခဲ့၍ ချယ်လ်ဆီးတို့ ပယ်နယ်တီကန်ခွင့်ရရှိရာ လမ်းပတ်သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအတွက် တတိယဂိုးကို ဇီယာကော့ဗ်ဖြတ်တင်ဘောမှတစ်ဆင့် မာလူဒါက သွင်းယူပေးခဲ့သည်။ စတုတ္ထမြောက်ဂိုးကို လမ်းပတ်က ပယ်နယ်တီမှ တစ်ဆင့်သွင်းယူခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် ဖာနီယာ၏ ဖြတ်တင်ဘောမှတစ်ဆင့် မာလူဒါက ချယ်လ်ဆီးအတွက် ပဉ္စမဂိုးသွင်းယူခဲ့သည်။ ဆဋ္ဌမမြောက်ဂိုးကို ကာလူးက သွင်းယူခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးပွဲသိမ်းအနိုင်ဂိုးကို ကွင်းလယ်ကစားသမား လမ်းပတ်က သွင်းယူခဲ့သည်။

ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို လမ်းပတ်က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အာဆင်နယ်သရေကျ

ဘာမင်ဂမ်က အိမ်ကွင်း၌ အာဆင်နယ်ကို ဂိုးမပေးရရေး တောင့်ခံကစားသွားနိုင်ခဲ့သည်။ ပွဲချိန်မိနစ်၈၀ကျော်သည်အထိ အာဆင်နယ်တို့ ဂိုးမသွင်းနိုင်ခဲ့ပေ။ သို့သော် ၈၁ မိနစ်တွင် နာဆရီက အာဆင်နယ်အတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲသိမ်း လေလွင့်ချိန်တွင် ဘာမင်ဂမ်အတွက် ဖီးလစ်က ပြန်လည်ချေပခဲ့သဖြင့် အာဆင်နယ်တို့ သရေပွဲဖြင့်သာ ကျေနပ်ခဲ့ရသည်။

အာဆင်နယ်နှင့် ဘာမင်ဂမ်တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ဟူးလ်စီးတီး

ဟူးလ်စီးတီးသည် အိမ်ကွင်း၌ ဖူလ်ဟမ်ကို ဘူးလ်လတ်နှင့် ဖာဂန်တို့၏ ဂိုးများဖြင့် ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။

စပါးနိုင်

စပါးသည် အိမ်ကွင်း၌ ပီတာခရောင့်ချ်၏ ခေါင်းတိုက်ဂိုးနှင့် ခရမ်ကာ၏ ဂိုးဖြင့် အောင်ပွဲဆင်နိုင်ခဲ့သည်။ ဝက်စ်ဟမ်းအိမ်ကွင်းတွင် စတုတ်စီးတီးက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ စတုတ်စီးတီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဖူလာကသွင်းယူ ပေးခဲ့ခြင်းဖြစ်သည်။

အဲဗာတန်သရေ

ဝူလ်ဗာဟမ်တန်နှင့် အဲဗာတန်တို့ပွဲတွင် အကြိတ်အနယ် ကစားခဲ့ကြသော်လည်း ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

မန်ယူတို့ ဇယားထိပ်၌ ဆက်လက်ဦးဆောင်

မန်ယူနှင့် ဘော်လ်တန်ပွဲစဉ်၌ မန်ယူတို့ လေးဂိုးပြတ်အနိုင်ရ၍ ဇယားထိပ်၌ ဆက်လက်ဦးဆောင်ဆဲဖြစ်သည်။ ပရီမီယာလိဂ် ထိပ်သီးပြိုင်ဘက်များဖြစ်ကြသည့် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့သည် ဆက်လက်အားပြိုင်လျက်ရှိရာ ချယ်လ်ဆီးတို့ ၃၂ ပွဲကစားအပြီး ရမှတ် ၇၁ မှတ်ဖြင့် ဒုတိယနေရာ၌ ရှိနေသည်။ အာဆင်နယ်က ၃၂ပွဲ ကစားအပြီး ရမှတ် ၆၈ မှတ်ဖြင့် တတိယနေရာ၌ ဆက်လက်ရပ်တည်နေသည်။

(အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်



**မီးမလောင်ခင်
သတိယှဉ်
ကြိုတင်
ကာကွယ်ပါ**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရ(၂)လမ်းနေ ဒေါ်ယဉ်နု၏ မွေးနေ့အထိမ်းအမှတ်အဖြစ် လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေး
သက်ကြီးပူဇော်၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် မတ် ၂၇

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၂၁ရက်က ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်းမကြီး ခြောက်ထပ်ကြီးဘုရားဝင်း အသင်းဓမ္မာရုံ၌ ကျင်းပရာ ရှေးဦးစွာ ကန်တော့ခံဘိုးဘွား ၄၁ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ကြသည်။

ထို့နောက် ဘိုကလေးမြို့နယ်အသင်း ဥက္ကဋ္ဌဦးစောဝေ(Panda Hotel)က အဖွင့်အမှာစကားပြောကြားပြီး (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာနှင့် စာရင်းချုပ်များ၊ ရှေ့လုပ်ငန်းများကို အသင်းတာဝန်ရှိသူတို့က ဖတ်ကြားတင်သွင်းရာ အသင်းသားများက အတည်ပြုကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ရာ ပါရဂူဘွဲ့ရ မသင်းမာလာ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသော မခန့်ထက်ပပအောင်၊ မောင်လင်းထက်အောင်၊မောင်ကျော်သန့်ဇင်နှင့် ဂုဏ်ထူးရရှိသူများအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ရွေးချယ်

ထို့နောက် ၂၀၁၀-၂၀၁၁ခုနှစ် အတွက် အသင်းဥက္ကဋ္ဌဦးစောဝေ(Panda Hotel)၊ အတွင်းရေးမှူး ဦးမြင့်ကြည်၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့်နှင့် အဖွဲ့ဝင် ၃၉ဦး ပါဝင်သော အသင်းအလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပြည် မတ် ၂၇

၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၅ရက် နံနက် ၉နာရီက ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာန (တိုင်းခွဲရုံး) ပြည်မြို့၌ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ ၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ပါမောက္ခဒေါက်တာ ကျော်မြင့်၏ မိန့်ခွန်းကို တိုင်းခွဲကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက ဖတ်ကြားတင်ပြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ၂၀၀၉-၂၀၁၀ခုနှစ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း လှုပ်ရှားဆောင်ရွက်မှု အကောင်းဆုံး မြို့နယ် ပထမဆုရ သာယာဝတီမြို့နယ်၊ ဒုတိယဆုရ ကြို့ပင်ကောက်မြို့နယ်နှင့် တတိယဆုရ နတ်တလင်းမြို့နယ်တို့အား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သိရသည်။

(တိုင်း ပြန်/ဆက်)

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သောက်သုံးရေ ဖူလုံရေးဆောင်ရွက်

ဖလမ်း မတ် ၂၇

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နေပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေး ဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့မှ စမိုင် ဖဖာလုံ အကြားတွင် တည်ရှိသော ထွာန်း၊ ကျန်ဇန်း ရေထွက်စမ်းများတွင် ရေဖမ်းကန်များ၊ အနည်ထိုင်ကန်များနှင့် ရေစစ်ကန်များ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေထိန်းဇရိယာများကို ရှင်းလင်းခြင်း၊ သောက်သုံးရေ သန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို မတ် ၂၄ ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ခေတ္တညွှန်ကြားရေးမှူး ဦးမင်းဇော် ရိခေါဒါရ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော အမှတ်(၁)ရပ်ကွက်ပင်မရေလှောင်ကန်မှ ရေကန်နှစ်ကန်ဖြင့် ရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တိုးမြှင့်ဖွင့်ပွဲ ကျောင်းကုန်းမြို့နယ် ညောင်သာယာကျေးရွာ၌ ကျင်းပ

ကျောင်းကုန်း မတ် ၂၇

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ညောင်သာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို မတ် ၂၃ရက် နံနက်၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ညောင်သာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေ၊ အကျိုးတော်ဆောင် ဦးသိန်းထွန်း **(အပေါ်ပုံ)**တို့က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆိုင်းဘုတ်ကို မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ် ပညာရေးမှူး ဦးတင့်ဆွေ၊ အကျိုးတော်ဆောင် ဦးသိန်းထွန်းနှင့် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းတို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာကြီး ဦးစောလွင်က ကျောင်း၏သမိုင်းကြောင်းကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌဦးပန်းဝင်းကလုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးသန်းဝင်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၁၅၄)

မြို့သန့်ရှင်းသာယာရေး ရေနံချောင်း၌ဆောင်ရွက်

ရေနံချောင်း မတ် ၂၇

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာအမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို မတ် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

(မြို့နယ်စည်ပင်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မြစ်ကြီးနားမြို့တော်ခန်းမ၌ ကျင်းပ

မြစ်ကြီးနား မတ် ၂၇

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်၂၄ရက် နံနက် ၉နာရီက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ရဲမှူးကြီးမောင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၀ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သော ကျန်းမာရေးဝန်ကြီး၏ မိန့်ခွန်းကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ဖတ်ကြားသည်။ ထို့နောက် တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်နယ်တီဘီဆရာဝန်ကြီး ဒေါက်တာအေးအေးငြိမ်းက ရှင်းလင်းဟောပြောသည်။ ***(ပြည်နယ် ပြန်/ဆက်)***

28-3 (13).pmd 1 3/28/2010, 2:54 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၆၅)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းမြွက်ကြား

နေပြည်တော် မတ် ၂၇

ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ *စာမျက်နှာ ၅ ကော်လံ ၁* ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၂၀၁၀ခုနှစ် (၆၅)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မော်တော်ယာဉ်ဖြင့် တပ်ကို စစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး